# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၇၀)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် ၊ ၃-၉-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ လင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် စက်တင်ဘာ ၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အလုပ်သဘော ခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ပေကျင်းမြို့ လင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား သွားရောက်ဖူးမြော်ကြည်ညို သည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် လင်ကွမ်းဘုရားကျောင်းသို့ ရောက်ရှိကြရာ ကျောင်းတိုက်မှ တာဝန်ရှိသူများနှင့် ဒေသခံဗုဒ္ဓဘာသာဝင်များက ကြိုဆိုနှုတ်ဆက်ကြ သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် စွယ်တော်ကျောင်းတိုက် ဆရာတော်အား ဖူးမြော် ကြည်ညိုပြီး စာမျက်နှာ ၃ သို့





ပေကျင်းမြို့ လင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား ဖူးတွေ့ရစဉ်။

**ဖူးမြော်ကြည်ညို**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေကျင်းမြို့ လင်ကွမ်းဘုရားကျောင်းတိုက် အတွင်း လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး နေ့စဉ်

## စာကောင်းပေမွန်များကို ဖတ်ရှုခြင်းဖြင့် အလင်းဆောင်သော အကျိုးကျေးဇူးများရရှိနိုင်မည်

စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံများပင်ဖြစ်သည်။ စာကောင်းပေမွန်များကို ဖတ်ရှုခြင်းဖြင့် အလင်းဆောင်သော အကျိုးကျေးဇူးကို ရရှိနိုင်မည်ဖြစ်သည်။ စာအုပ်စာပေ လူ့မိတ်ဆွေဆိုသည့်စကားအတိုင်း လူငယ်ကလေးများသည် စာအုပ်၊ စာပေကို ချစ်မြတ်နိုးစွာ ဖတ်ရှုလေ့လာသင့်ပါသည်။ စာအုပ်စာပေများထဲမှ အကျိုးရှိသော အနှစ်သာရများကို ကောက်နုတ်မှတ်သားပြီး မိမိအတွက် အသုံးချသင့်သည်။ ယနေ့ခေတ်သည် IT နည်းပညာ ထွန်းကားသောခေတ်ဖြစ်သည်နှင့်အညီ လက်ကိုင်ဖုန်းနှင့်သော်လည်းကောင်း၊ ကွန်ပျူတာဖြင့်လည်းကောင်း မိမိတို့သိလိုသော အကြောင်းအရာများကို e-book ဖြင့် လေ့လာဖတ်ရှုသင်ယူနိုင်ပေသည်။ စာအုပ်စာပေမှ လူငယ်တို့ တိုးတက်ရေးနည်းလမ်းကောင်းများ၊ အတွေးအမြင်သစ်များရရှိလာမည်ဖြစ်သည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်စကားနှင့်အညီ အမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နိုင်သောသူများ ဖြစ်ပေါ်လာရေးသည် ငယ်စဉ်အခြေခံကျောင်းသားဘဝကပင် စတင်ရမည်ဖြစ်သည်။

ကျောင်းသားလူငယ်၊ လူကြီးမရွေးစာဖတ်ခြင်းသည် ဗဟုသုတရရှိသည့်အပြင် အတွေးအခေါ် ကောင်းမွန်လာခြင်း၊ ဦးနှောက်ဆဲလ်စွမ်းရည်ရှင်သန်လာခြင်းများ ဖြစ်ပေါ်စေပါသည်။ စာဖတ်သူသည် စာမဖတ်သူထက် အတွေးအခေါ် မြင့်မားပါသည်။ ထို့ပြင်စာဖတ်ဝါသနာကို ငယ်စဉ်ကျောင်းသား၊ကျောင်းသူဘဝကတည်းက ပြုစုပျိုးထောင်ဖို့လိုအပ်မည်ဖြစ်ပါသည်။ စာဖတ်ဝါသနာ၏ အကျိုးကျေးဇူးများက များပြားလှသည်။ စာပေမှရရှိသော ဉာဏ်ပညာသင်ခန်းစာများသည် မီးခိုးမဆုံး မိုးမဆုံးအောင် များပြားလှသည်။ စာအမျိုးမျိုးဖတ်ပြီး ပျော်ရွှင်ကြည်နူးမှုများနှင့် ရသစည်းစိမ်ကို တစ်ရှိက်မက်မက်ခံစားရမည်။ ကာတွန်း၊ ပုံပြင်များမှတစ်ဆင့် ဝတ္ထု၊ ဆောင်းပါး၊ အတ္ထုပ္ပတ္တိကျမ်းစာအုပ်များအထိ စာဖတ်ခြင်းနယ်ပယ် စာဖတ်ဝါသနာကို ပြုစုပျိုးထောင်သင့်သည်။ အပျော်ဖတ်အဆင့်မဟုတ်ဘဲ ဆင်ခြင်သတိနှင့်တွေးတောဖတ်ရှုလာနိုင်ရန် လိုအပ်မည်ဖြစ်သည်။

အခြေခံပညာမှအစ တက္ကသိုလ်အထိ ကျောင်းသားကလေးများအား စာရေးနည်း၊ ကဗျာစပ်နည်း၊ ဝတ္ထု၊ ဆောင်းပါးရေးနည်းများကို သင်ကြားပေးပြီး ကျောင်းတွင်းစာပေပြိုင်ပွဲများ ကျင်းပပေးသင့်ပါသည်။ အပြောစွမ်းရည်တိုးတက်အောင် ကျပန်းစကားပြိုင်ပွဲ၊ စကားရည်လုပွဲများကိုလည်း အလျဉ်းသင့်သလို ကျင်းပပေးရမည်ဖြစ်သည်။

စာပေနှင့် တွေ့ဆုံဖတ်ရှုနေရခြင်းသည် အလင်းထက်မြက်သောစိတ်ကိုအလိုရှိရာ ဖြည့်စွမ်းပေးတတ်သည်။ ကမ္ဘာအနှံ့အပြားကိုလည်း စာထဲမှာခရီးဆန့်နိုင်မည်။ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးများနှင့် စာထဲမှာဆွေးနွေးနိုင်မည်။ စိတ်၏အာဟာရဖြစ်သော ပညာဗဟုသုတမှန်သမျှကို စာဖတ်ခြင်းဖြင့် အကောင်းဆုံးဖြည့်စွမ်းနိုင်ပြီး ပျော်ရွှင်မှုအပေါင်း ခညောင်းမည်ဖြစ်သည်။ ပညာဗဟုသုတနှင့်စေတနာကောင်းများကို နှီးဆော်ပေးတတ်သော စာဖတ်ခြင်းသည် စိတ်၏အာဟာရကို ပြည့်ဝစေသည်။ ဉာဏ်အမြော်အမြင်လည်း ကြီးမားစေသည်။ ရှေးလူကြီးတို့၏ အယူအဆအကောင်းအဆိုးနှင့် အတွေ့အကြုံကောင်းများကို မှတ်သားသိရှိနိုင်သည်။

သို့ဖြစ်ရာ စာကောင်းပေမွန်များကို ဖတ်ရှုခြင်းဖြင့် အလင်းဆောင်သော အကျိုးကျေးဇူးကို ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် စာဖတ်ဝါသနာသည်သာလျှင် တွေးခေါ်ဆင်ခြင်တတ်မှုကို အထောက်အကူအပြုဆုံးဖြစ်သည်။ စာဖတ်ဝါသနာ၏ အကျိုးတရားသည် လူတစ်ဦးကိုသာမက လူမျိုးနှင့်နိုင်ငံအတွက်လည်း ကြီးမားသော ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေကြောင်း ရေးသားလိုက်ရပေသည်။

## မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာ အိမ်ခန်းငှားရမ်းနေထိုင်ခွင့်ရရှိသည့် ပြည်သူအိမ်ငှားဦးစီးများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ



**ပုသိမ်ကြီး စက်တင်ဘာ ၂**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာစုပေါင်းခန်းမတွင် ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းက မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာ၊ အိမ်ခန်းငှားရမ်း နေထိုင်ခွင့်ရရှိသည့် ပြည်သူအိမ်ရာ၊ အိမ်ငှားဦးစီးများနှင့် တွေ့ဆုံဆွေးနွေးပွဲကိုကျင်းပပြုလုပ်ရာ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာ အိမ်ခန်းနေရာချထားရေးကော်မတီနှင့် ပြည်သူ့အငှားအိမ်ရာဆိုင်ရာ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေမင်းထက်က မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာ နေထိုင်သူများနှင့်ပတ်သက်၍ လိုအပ်သည်များအား ရှင်းလင်းဆွေးနွေးပေးနိုင်ရန် ဖိတ်ကြားခဲ့ရာ တက်ရောက်လာသော အိမ်ရာနေ ပြည်သူများက အိမ်ရာငှားရမ်းနေထိုင်မှုများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်း၊ မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးနေဝင်းအောင်က အိမ်ရာနှင့် ပတ်သက်၍ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော ပြည်သူများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခြင်း၊ အခက်အခဲရှိပါက ဆက်သွယ်နိုင်ရန်တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ကျော်မင်းသော်**

၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၃**




မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၇၂လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ ၅၄လမ်း၊ ၁၃၃လမ်းထောင့်တို့တွင် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၃ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း၊ တက္ကသိုလ်လေ့ကျင့်ရေးရှေ့နှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုမွှာရုံ၊ အ.ထ.က (၁)အနောက်ဘက်လမ်းတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၄ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက် (၈- ၁၀)၊ ၅၇လမ်းနှင့် ၁၁၂(A) လမ်းထောင့်တွင်လည်းကောင်း၊ စက်တင်ဘာ ၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ ၇၂လမ်း၊ မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများအဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynews paper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီး လုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရှေ့ဖုံးမှ

ဗုဒ္ဓမြတ်စွယ်တော်အား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ဖူးမြော်မှု အခြေအနေများ၊ ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာနိုင်ငံသို့ ပင့်ဆောင် အပူဇော်ခံလိုမှုနှင့် စွယ်တော်မြတ် ကျောင်းတိုက်အတွက် လိုအပ်ချက်များကို မေးမြန်း လျှောက်ထားရာ ဆရာတော်ကြီးက ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ဖူးမြော်လျက်ရှိမှုနှင့် စွယ်တော်မြတ်ကျောင်းတိုက်အား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ပြန်လည်မိန့်ကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ကျောင်းထိုင်ဆရာတော်ကြီးက ဓမ္မလက်ဆောင်များ ပေးအပ်သည်။ ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စွယ်တော်မြတ်ကျောင်းတိုက်အတွက် ဘက်စုံစုပေါင်းအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စွယ်တော်မြတ်စေတီတော် ကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး စွယ်တော်မြတ်စေတီတော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုရာ ကျောင်းထိုင်ဆရာတော်ကြီးက ဗုဒ္ဓမြတ်စွယ်တော်သမိုင်းအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်အတွင်းရှိဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

အဆိုပါ ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ် စံပယ်တော်မူသည့် လင်ကွမ်း ဘုရားကျောင်းသည် ပေကျင်းမြို့တွင်တည်ရှိပြီး ဗုဒ္ဓ၏စွယ်တော်၊ ဓာတ်တော်နှင့် ရှေးဟောင်း စေတီတော်များ တည်ရှိသောကြောင့် လူသိများသောသမိုင်းဝင်ဗုဒ္ဓဘုရားကျောင်းတစ်ခုဖြစ်ကြောင်း၊ အဆိုပါဘုရားကျောင်းအား တန်မင်းဆက်လက်ထက်တွင် တည်ဆောက်ခဲ့ပြီး မူလက ကျိမ်ကျယ်ဘုရားကျောင်းဟုခေါ်တွင်ခဲ့ကြောင်း၊ လျောင်မင်းဆက်လက်ထက်တွင် ဘုရားကျောင်းကိုပြန်လည်တည်ဆောက်ခဲ့ပြီး လင်ကွမ်းဘုရားကျောင်းဟုအမည် ပြောင်းလဲခဲ့ကြောင်း၊ မင်မင်းဆက် လက်ထက်တွင် ဘုရားကျောင်းသည် ဝတ်ပြုရေးနှင့် ဘုရားဖူးခရီးစဉ်ကို အဓိကဗဟိုပြုချက်ဖြစ်လာခဲ့ကြောင်း၊ ချင်မင်းဆက်၊ ချင်လုံကေရာဇ်လက်ထက် ၁၇၄၈ ခုနှစ်တွင် အုတ်နှင့်ကျောက်တို့ဖြင့် ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်ရန် Tooth Relic စေတီကို တည်ဆောက်ခဲ့ကြောင်း၊ စေတီတော်သည် ၁၃ ထပ်ရှိပြီး အဋ္ဌဂံအုတ်မျှော်စင်ဖြစ်ကြောင်း၊ ချင်မင်းဆက်ကျဆုံးပြီး ၁၉ ရာစု မှ ၂၀ ရာစုအစောပိုင်း နိုင်ငံရေးမငြိမ်သက်မှုများကြောင့် ဘုရားကျောင်း ထိန်းသိမ်းမှုကို



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စွယ်တော်မြတ်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ကြီးက ဓမ္မလက်ဆောင်များ ပေးအပ်စဉ်။

ထိခိုက်စေခဲ့ပြီး ဒုတိယတရုတ်-ဂျပန်စစ်ပွဲ(၁၉၃၇-၁၉၄၅)အတွင်း ပျက်စီးခဲ့ကြောင်း၊ ၁၉၈၀ နောက်ပိုင်း ပြုပြင်ပြောင်းလဲရေးခေတ်နောက်ပိုင်းတွင် ပြန်လည်၍ ပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ် စံပယ်တော်မူသည့် စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ထားကြောင်း၊ အဆိုပါ လင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား ၁၉၅၅ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်တွင် တစ်ကြိမ် မြန်မာနိုင်ငံသို့ပင့်ဆောင်ပူဇော်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၆ အာရှဖလားခြေစစ်ပွဲ ယူ ၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(B) ခြေစစ်ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၂

၂၀၂၆ အာရှဖလားခြေစစ်ပွဲ ယူ ၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(B) ခြေစစ်ပွဲစဉ်များကို စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ရာ စက်တင်ဘာ ၃ ရက်(ယနေ့)ညနေ ၄ နာရီတွင် မြန်မာ့လက်ရွေးစင် ယူ-၂၃ အမျိုးသားဘောလုံးအသင်းနှင့် ကူဝိတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel ၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကို ဖြတ်ကျော်နိုင်

နေပြည်တော် စက်တင်ဘာ ၂

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ ၄၈ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကို ဖြတ်ကျော်နိုင်ကြောင်း မိုး/ဇလက ခန့်မှန်းထားသည်။ သတင်းစဉ်

## ၂ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၃၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား ကျင်းပပုံများ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် စက်တင်ဘာ ၂

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား ကျင်းပပုံများကို စက်တင်ဘာ ၃ ရက် နံနက် ၇ နာရီခွဲမှစတင်၍ MRTV HD Channel၊ MRTV News Channel၊ MITV Channel၊ MWD HD Channel နှင့် MRTV APP: တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တီယန်ကျင်းမြို့မှ အထူးအမြန်ရထားဖြင့် စီးနင်းလိုက်ပါပြီး ပေကျင်းမြို့သို့ ရောက်ရှိ

## တရုတ်နိုင်ငံမှ ပြည်သူများက ဘူတာရုံလျှောက်လမ်း၌ နိုင်ငံအလံများ ဝှေ့ယမ်း၍ နှုတ်ဆက်

နေပြည်တော် စက်တင်ဘာ ၂

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၌ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် တီယန်ကျင်း ဘူတာမှ ပေကျင်းမြို့သို့ အထူးအမြန်ရထားဖြင့် ထွက်ခွာကြသည်။

ထိုသို့ထွက်ခွာစဉ် တီယန်ကျင်း ဘူတာရုံ၌ တီယန်ကျင်းမြို့ မြူနီစီပယ်အစိုးရမှ ဒုတိယဝန်ကြီး အဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ ထိုသို့ပို့ဆောင်နှုတ်ဆက်စဉ် တရုတ်နိုင်ငံမှ ပြည်သူများက ဘူတာရုံလျှောက်လမ်း၌ နိုင်ငံအလံများဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် အထူးအမြန်ရထားဖြင့် စီးနင်းလိုက်ပါကြပြီး လမ်းတစ်လျှောက် မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့ Southern Station ဘူတာသို့ ရောက်ရှိကြရာ ပေကျင်းမြူနီစီပယ်အစိုးရမှ ဒုတိယ ဝန်ကြီး အဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြပြီး တရုတ်နိုင်ငံ ပြည်သူများက ဘူတာရုံလျှောက် လမ်းတစ်လျှောက် အလံများ ဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာခဲ့ကြပြီး ကျောက်ယွိထိုင် နိုင်ငံတော် ဧည့်ဂေဟာသို့ ရောက်ရှိခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တီယန်ကျင်းဘူတာမှ ပေကျင်းမြို့သို့ အထူးအမြန်ရထားဖြင့် စီးနင်းလိုက်ပါကြစဉ်။





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တီယန်ကျင်းမြို့ မြူနီစီပယ် အစိုးရမှ တာဝန်ရှိသူများက တီယန်ကျင်း ဘူတာရုံ၌ ပို့ဆောင် နှုတ်ဆက်ကြစဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပေကျင်းမြို့ မြူနီစီပယ်အစိုးရမှ တာဝန်ရှိသူများက ပေကျင်းမြို့ Southern Station ဘူတာရုံ၌ ကြိုဆို နှုတ်ဆက်ကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ပေကျင်းမြို့၌ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ကျောက်ယွိထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဒုတိယ သမ္မတ H.E. Mr. Han Zheng နှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌအား တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ဒုတိယသမ္မတက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်း တင်ဓာတ်ပုံရိုက်သည်။

**တက်ရောက်**

ထို့နောက် တွေ့ဆုံပွဲအခမ်း အနားကိုကျင်းပရာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်း ရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင် အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲ ရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြ သည့် ဒေါက်တာ ဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးချစ်ဆွေ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာမြန်မာ နိုင်ငံသံအမတ်ကြီး ဦးတင်မောင် ဆွေ၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိ သူများတက်ရောက်ကြပြီး တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဒုတိယ သမ္မတနှင့်အတူ တရုတ်ပြည်သူ့ သမ္မတနိုင်ငံအစိုးရအဖွဲ့မှ တာဝန် ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် SCO အဖွဲ့အစည်းသည် အရှေ့ တောင်အာရှ နိုင်ငံများအတွက် အရေးပါသည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ တွင် ပါဝင်နိုင်ရေး ပူးပေါင်း ဆောင်ရွက်လျက်ရှိမှု အခြေအနေ များ၊ မြန်မာ-တရုတ် နှစ်နိုင်ငံ အကြား အိမ်နီးချင်းကောင်းနိုင်ငံ များဖြစ်သည်နှင့်အညီ အေးအတူ ပူအမျှ အတူတကွ ပူးပေါင်း ဆောင်ရွက်လျက်ရှိမှု အခြေအနေ များ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ အပြန်အလှန်အထောက် အကူပြုလျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက် တိုးမြှင့်ဆောင်ရွက် သွားမည့်အခြေအနေများ၊ နယ်စပ် ဒေသ တည်ငြိမ်အေးချမ်းရေး အတွက် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံ အနေဖြင့် ပြည်တွင်းငြိမ်းချမ်း ရေးရရှိရန် ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား စီးပွားရေး တိုးတက်စေရေး ပူးပေါင်းဆောင် ရွက်လျက်ရှိမှု အခြေအနေများ၊ မတ်လအတွင်း လှုပ်ခတ်ခဲ့သည့် မန္တလေး ငလျင်ကြီးကြောင့် ထိခိုက် ပျက်စီးခဲ့မှုများအပေါ် တရုတ်နိုင်ငံအနေဖြင့် ကူညီ ဆောင်ရွက်ပေးလျက်ရှိမှု အခြေ အနေများ၊ မြန်မာနိုင်ငံ၏ တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးအတွက် ကူညီဆောင်ရွက်ပေး လျက်ရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ အပြန်အလှန်ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။


သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**တွေ့ဆုံ ဆွေးနွေး**

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng တို့ ကျောက်ယွိထိုင် နိုင်ငံတော် ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးစဉ်။





## ဒုတိယဝန်ကြီး ဦးကိုကိုကျော် Save the Children International (SCI) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Mrs. Wang Le အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် Save the Children International (SCI) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Mrs. Wang Le အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် Save the Children International (SCI) တို့အကြား လက်ရှိနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်မှုအလားအလာများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံး မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၂**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့၌ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများ၊ ပညာတော်သင် ကျောင်းသားကျောင်းသူများအား ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးမိသားဝင်များနှင့် ပညာတော်သင်ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် စစ်သံမှူးတို့က သံရုံး၊ စစ်သံရုံး မိသားစုများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားမှုကြောင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာအခမ်းအနားများသို့ တက်ရောက်ခွင့်ရခြင်းသည် မိမိတို့နိုင်ငံအတွက် ကောင်းမွန်သည့် အကျိုးရလဒ်များကို ရရှိစေကြောင်း။

မိမိ၏ အလုပ်သဘောခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတတို့နှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး ကောင်းမွန်သည့်ရလဒ်များရရှိအောင် ဆွေးနွေးနိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံမှုများ ကောင်းမွန်တိုးတက်လျက်ရှိကြောင်း၊ အလားတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ဆက်ဆံမှု တိုးတက်ကောင်းမွန်အောင် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီး အချိန်မှစတင်၍ နိုင်ငံရေးစနစ်အမျိုးမျိုး၊ စီးပွားရေးစနစ်အမျိုးမျိုးဖြင့် လျှောက်လှမ်းခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်၍ နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာမှုရှိစေရေး တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ ဒီမိုကရေစီ ပထမအစိုးရသက်တမ်းတွင် ဒီမိုကရေစီစနစ်ခိုင်မာစေရေး ကြိုးပမ်း ဆောင်ရွက်ခဲ့သကဲ့သို့ ပြည်တွင်းငြိမ်းချမ်းရေး ရရှိစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် ပြည်တွင်းငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်ကြောင်း။

တပ်မတော်သား များသည် ပြည်သူများ၏ အစိတ်အပိုင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်သည်နှင့် အညီ ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် လာမည့် ဒီဇင်ဘာလအတွင်း ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဖြင့် မဲဆန္ဒရှင်စာရင်းများကို ရရှိနိုင်သကဲ့သို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူပြုနိုင်ကြောင်း။

ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး မိမိတို့အနေဖြင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲအား ဒေသအလိုက် တည်ငြိမ်အေးချမ်းမှုများကိုအခြေခံ၍ အပိုင်းလိုက် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲစာရင်းများ မှားယွင်းမှုမရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစနစ်(MEVM)ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း အဆိုပါမဲပေးစနစ်ဖြင့် ဆန္ဒမဲများပေးလျက်ရှိကြောင်း၊ ဒီမိုကရေစီနိုင်ငံများ၌ ရွေးကောက်ပွဲသည် အရေးကြီးပြီး ရွေးကောက်ပွဲပြုလုပ်ရာတွင် မဲမသမာမှုများမဖြစ်ရန် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များအနေဖြင့် ပညာတတ်များဖြစ်ရန်လည်း လိုကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် နိုင်ငံအတွက်၊ ဒေသအတွက် အကျိုးပြုနိုင်မည့်သူကို ကိုယ်စားလှယ်အဖြစ် ရွေးချယ်နိုင်ရန် လိုကြောင်း။




စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးစ အချိန်မှစတင်၍ နိုင်ငံရေးစနစ်အမျိုးမျိုး၊ စီးပွားရေးစနစ်အမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် စီမံခန့်ခွဲမှုနှင့် လွဲမှားသည့်မူဝါဒများကြောင့် နိုင်ငံ့စီးပွားရေးမှာ ကျဆင်းခဲ့ကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်း၌ ထုတ်ကုန်များ ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ သို့မှသာ ပြည်တွင်းသုံးစွဲမှုဖုလုံပြီး ပိုလျှံသည်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်း ထုတ်ကုန်များတိုးတက်အောင်ထုတ်လုပ်နိုင်မှသာ နိုင်ငံ၏ စီးပွားရေးမှာ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း အနေဖြင့် အလုပ်လုပ်မှသာ နိုင်ငံ၏ စီးပွားရေးမှာ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် အတန်းပညာရှိသည့် ပညာတတ်လူသား အရင်းအမြစ်များ လုံလောက်စွာရှိရန် လိုကြောင်း၊ အတန်းပညာများ တိုးတက်လာမှသာ အသိပညာများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် "နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"၊ "နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံအတွင်း နေထိုင်ကြသူများအားလုံးတွင် တာဝန်ရှိကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးအတွက် သံတမန်တာဝန် ထမ်းဆောင်နေကြသူများရှိသကဲ့သို့ နိုင်ငံတော်၏အကျိုးကို ထမ်းဆောင်နိုင်ရန်အတွက် ပညာတော်သင်အဖြစ် လာရောက် ပညာသင်ကြားနေကြသူများလည်းရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သည့်ဘက်မှ အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက သံရုံး၊ စစ်သံရုံးမိသားစုများနှင့် ပညာတော်သင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီးနှင့်ဇနီး မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) နှင့် ဇနီး၊ သံရုံး စစ်သံရုံး မိသားစုများနှင့် ပညာတော်သင်များက လက်ခံရယူကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက သံရုံး၊ စစ်သံရုံး မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးမြို့၌ ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲနှင့် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားများကျင်းပ



နေပြည်တော် စက်တင်ဘာ ၂

ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုသည်မှာ အရေးပေါ်တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ လျော့ပါးစေရေးဟူသည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု စက်ဝန်း (Disaster Management Cycle) ပါ လုပ်ငန်းရပ်များသည် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအလိုက်၊ သက်ဆိုင်ရာနယ်မြေဒေသအစိုးရအဖွဲ့များအလိုက် စနစ်တကျဖြင့် ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားဆဲ၊ ဘေးဖြစ်ပွားပြီးစသည့် ကာလများပိုင်းခြား၊ စီမံခန့်ခွဲလုပ်ကိုင်ဆောင်ရွက်ရသည့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်များကြောင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများအပေါ် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချပြီး ထိရောက်ဆုံးရှုံးမှု အနည်းဆုံးဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်သောပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖြစ်ထွန်းပေါ်ပေါက်စေရန် သက်ဆိုင်ရာကဏ္ဍများအလိုက် ပါဝင်ပတ်သက်သူများ၊ အဖွဲ့အစည်းများ၊ ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၌ သင်တန်းသူများအား မြန်မာ့ရိုးရာမုန့်လုပ်နည်းသင်တန်း၊ စက်ချုပ်သင်တန်း၊ ဆပ်ပြာရည်ပြုလုပ်နည်းသင်တန်း စသည့်လက်မှုပညာရပ်များဖြင့် ကျောင်းပြင်ပပညာရေး သင်ကြားပေးနေမှုကို လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ ဘာသာစကားနှင့် လက်မှုပညာသင်ကြားနေမှုများကို လည်းကောင်း၊ သင်တန်းသား သင်တန်းသူ ထမင်းစားဆောင်နှင့် မီးဖိုချောင်တို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား လူမှုရေးပင်စင်ထောက်ပံ့ခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် တိုင်းဒေသကြီးအတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ် ၁၈၆၉၉ ဦး အတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေး ငွေကျပ် ၁၁၀၀ ဒသမ ၀၇၀ သန်းနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းဂေဟာ၊ ရိပ်သာစုစုပေါင်း ၂၈ ခုနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၄၇ ကျောင်းတို့အတွက် ထောက်ပံ့ကြေးငွေကျပ် ၂၈၇ ဒသမ ၀၉၃ သန်း၊ တိုင်းဒေသကြီးအတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူ ၄၇၈၅၁ ဦးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရံပုံငွေမှ ဇူလိုင်၊ ဩဂုတ်လအတွက်ထောက်ပံ့ငွေကျပ် ၂၈၇၁ ဒသမ ၀၆ သန်း၊ စုစုပေါင်း ငွေကျပ် ၄၂၅၈ ဒသမ ၂၂၃ သန်းကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် ကမ္ဘောဇဖောင်ဒေးရှင်းက KBZ Center ၌ ပြည်သူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လူစီးကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြပွဲနှင့် ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ





နေပြည်တော် စက်တင်ဘာ ၂

လူစီးကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရုံးတောကျေးရွာရှိ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်၏ အသင်းပိုင်လယ်မြေဧက ၂၀ ၌ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ဦးစီးဌာနများမှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုးစပါးပျိုးထောင်ထားရှိမှု၊ လူစီးကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြနေမှုနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှု အခြေအနေများကို ကြည့်ရှုအားပေး၍ လယ်ဝေးမြို့နယ်အတွင်းရှိ မိုးစပါးစိုက်သမဝါယမအသင်းသား တောင်သူများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက လူစီးကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်များ အသုံးပြုလာနိုင်ခြင်းကြောင့် လုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ အသင်းသား တောင်သူများအနေဖြင့် ရာသီအလိုက်စိုက်ပျိုးနိုင်သည့် မြေနေရာများတွင် ဈေးကွက်ဝင်သည့် သီးနှံများကို သီးထပ် သုံးသီးစိုက်ပျိုးကြရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဓာတ်မြေဩဇာများ အချိန်မီရရှိရေး၊ ဈေးနှုန်းသက်သာစေရေး၊ အရည်အသွေးမှန်ကန်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူးက ၂၀၂၅ ခုနှစ် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလ သုံးလအတွက် ကုမ္ပဏီအလိုက် ထောက်ခံပေးထားသည့် မြေဩဇာနှင့် ပိုးသတ်ဆေးတန်ချိန်များ မှတ်တမ်းတင်ပေးနိုင်ရန်၊ ဩဂုတ်လအတွင်း ဖြန့်ဖြူးပေးသည့် ဓာတ်မြေဩဇာများအတွက် သွင်းကုန် လိုင်စင် အစားထိုးရရှိရေးနှင့် နိုင်ငံခြားငွေလဲလှယ်ခွင့်ရရှိရေး ထောက်ခံပေးထားမှုအပေါ် မှတ်တမ်းတင်ပေးနိုင်ရန်နှင့် တောင်သူလက်ဝယ် တိုက်ရိုက်ဖြန့်ဖြူးရောင်းချခဲ့သည့် အစီအမံများကို လည်းကောင်း၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက မြေဩဇာနှင့် ပိုးသတ်ဆေးများ ဝယ်ယူဖြန့်ဖြူးရောင်းချမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်တို့မှ ကိုယ်စားလှယ်များ၊ ကော်မတီအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌတို့က သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မဟာအောင်မြေ ဘောလုံးအားကစားကွင်းတွင် မိုးရာသီ လူငယ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ် မိုးရာသီ လူငယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်မှ စတင်၍ မန္တလေးမြို့၊ ၃၈ လမ်းရှိ မဟာအောင်မြေဘောလုံးအားကစားကွင်းတွင် ကျင်းပလျက်ရှိသည်။

ပြိုင်ပွဲတွင် လူငယ်ကလပ်အသင်း ၁၈သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားလျက်ရှိကာ စက်တင်ဘာ ၁ ရက် ပထမပွဲစဉ်တွင် S N Fc အသင်းက Sun Shine Fc အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် လပ်ကီးဟုမ်းအသင်းက ဒိုင်အိုFc အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

မိုးရာသီ လူငယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို တစ်ရက်လျှင် နှစ်ပွဲကျင်းပရာ ပထမပွဲစဉ်ကို မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ ဒုတိယပွဲစဉ်ကို ညနေ ၄ နာရီ ၁၅ မိနစ်တွင် လည်းကောင်း ကျင်းပလျက်ရှိရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

(ယာပုံ)

(၀၃၂)

၀-၀-၀-၀

၀-၀-၀-၀-၀

# ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်ရေးစနစ်တွင် တရားမျှတမှု မြှင့်တင်ရေးအတွက် တရုတ်နှင့်ရုရှား ပူးပေါင်းဆောင်ရွက်မည်

**ပေကျင်း စက်တင်ဘာ ၂**

ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်ရေးစနစ်တွင် တရားမျှတမှုမြှင့်တင်ရေးအတွက် တရုတ်နိုင်ငံက ရုရှားနိုင်ငံနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိသည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင်က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ပေကျင်းတွင် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

တရုတ်နှင့် ရုရှားပူးပေါင်းဆောင်ရွက်ရာတွင် အပြန်အလှန်ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုကို ဆောင်ကြဉ်းရန် နှစ်ဖက်စလုံးက အသင့်ရှိနေကာ တရားမျှတမှုနှင့် သာတူညီမျှရှိမှုတို့ကို ထိန်းသိမ်းမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်ရေးစနစ်တွင် တရားမျှတမှုမြှင့်တင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က မှတ်ချက်ပြု ပြောကြားသည်။ ပြီးခဲ့သည့် နှစ်များအတွင်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် တရုတ်နှင့် ရုရှားအကြား အောင်မြင်မှုရလဒ်များကို ရရှိခဲ့ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် တရုတ်နိုင်ငံ တီယန်ကျင်းမြို့တွင် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် စက်တင်ဘာ ၂ ရက်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်သည် စက်တင်ဘာ ၃ ရက်တွင် ပေကျင်း၌ ကျင်းပမည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။

ကိုးကား-တက်စ် သတင်းဌာန
ဘာသာပြန်-စိုးသူရ



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်း တရုတ်နိုင်ငံသို့ရောက်ရှိ "အောင်ပွဲနေ့" စစ်ရေးပြအခမ်းအနားသို့ တက်ရောက်မည်ဟု ဆို



**ပြုံယမ်း စက်တင်ဘာ ၂**

မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်းသည် တရုတ်နိုင်ငံထဲသို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ပေကျင်းမြို့တော်တွင်ကျင်းပမည့် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

စက်တင်ဘာ ၃ ရက်တွင် ကျင်းပမည့် "အောင်ပွဲနေ့" စစ်ရေးပြအခမ်းအနား၌ ကင်မ်ဂျောင်အွန်းသည် တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အခြားကမ္ဘာ့ခေါင်းဆောင်များနှင့် ရင်းနှီးစွာတွေ့ဆုံမည်ဖြစ်ရာ ၎င်း၏ ပထမဆုံးသော နိုင်ငံပေါင်းစုံတက်ရောက်သည့် နိုင်ငံတကာအစည်းအဝေးဖြစ်လာမည်ဟု ဆိုသည်။

စက်တင်ဘာ ၂ ရက်တွင် ခေါင်းဆောင်ကင်မ်သည် ၎င်း၏ သံချပ်ကာရထားဖြင့် တရုတ်နိုင်ငံထဲသို့ ဝင်ရောက်ခဲ့ရာ အဆိုပါရထားတွင် ပြင်သစ်ဝိုင်နှင့် ပင်လယ်စာများ ပါရှိသော စားသောက်ခန်းပါဝင်သည်ဟု ဆိုသည်။

ရထား၏ လုံခြုံရေးအရ အလေးချိန်စီးပြီး ခရီးနှေးကွေးသဖြင့် ၎င်း၏ခရီးစဉ်သည် ၂၄ နာရီအထိ ကြာမြင့်မည်ဟု တရုတ်နိုင်ငံထဲသို့ ရထားဝင်ရောက်လာကြောင်း တောင်ကိုရီးယားအခြေစိုက် ယွန်ဟတ်သတင်းအေဂျင်စီက ဖော်ပြသည်။

မြောက်ကိုရီးယားခေါင်းဆောင်တစ်ဦးအနေဖြင့် ၁၉၅၉ ခုနှစ်နောက်ပိုင်း တရုတ်စစ်ရေးပြအခမ်းအနားကို ပထမဆုံးအကြိမ် တက်ရောက်ခြင်းဖြစ်ပြီး ၎င်းနှင့်အတူ မြန်မာ၊ အီရန်နှင့် ကျူးဘားခေါင်းဆောင်များအပါအဝင် နိုင်ငံ ၂၆ နိုင်ငံမှ အကြီးအကဲများ တက်ရောက်မည်ဖြစ်သည်။

ကင်မ်ဂျောင်အွန်း တက်ရောက်လာခြင်းသည် ၂၀၁၅ ခုနှစ်က ကျင်းပခဲ့သော တရုတ်နိုင်ငံ၏ နောက်ဆုံး အောင်ပွဲနေ့အခမ်းအနားတွင် ပြုံယမ်းက ထိပ်တန်းအရာရှိတစ်ဦးဖြစ်သူ ချွဲရွှန်းဟယ်ကိုသာ စေလွှတ်ခဲ့သည်ထက် ပိုမိုအရေးပါလာကြောင်း သိရသည်။

Mon

## ဒီဂျစ်တယ်ငွေကြေးဆိုင်ရာငွေပေးချေမှုများ ပိုမိုအဆင်ပြေစေရန်အတွက် ဂျပန်စာပို့ဘဏ်က ၂၀၂၆ နှစ်ကုန်ပိုင်းတွင် ဒီဂျစ်တယ်ယန်းငွေ စတင်သုံးမည်

**တိုကျို စက်တင်ဘာ ၂**

ဂျပန်စာပို့ဘဏ်က ၎င်း၏ အပ်နှံသူများအတွက် ဒီဂျစ်တယ်ငွေကြေးဆိုင်ရာ ငွေပေးချေမှုများကို ပိုမိုအဆင်ပြေစေရန်အတွက် ၂၀၂၆ ဘဏ္ဍာရေးနှစ်ကုန်ပိုင်းတွင် ဒီဂျစ်တယ်ယန်းငွေကို စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အပ်နှံငွေ ယန်း ၁၉၀ ထရီလီယံခန့်ရှိသော ဤလုပ်ဆောင်ချက်သည် ငွေကြေးဆိုင်ရာငွေပေးချေမှုများကို ချောမွေ့စေရန်အတွက် ဘလော့ချိန်းနည်းပညာအသုံးပြုသည့် ပြည်တွင်းအဖွဲ့အစည်းများ၏ အရေအတွက် တိုးလာနေသည်ကို မီးမောင်းထိုးပြလျက်ရှိသည်။

ဂျပန်အစိုးရကလည်း အစုရှယ်ယာရှင်တစ်ဦးအဖြစ်ပါဝင်သော ဂျပန်စာပို့ဘဏ်သည် ဒီကားရန့် ဒီစီပီက တီထွင်ထားသည့် ဒီစီဂျေပီဝိုင်ဟုခေါ်သော ဒီဂျစ်တယ်ငွေကြေးကို ၎င်း၏အပ်နှံသူများအတွက် မိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း ကုမ္ပဏီနှစ်ခုက ထုတ်ပြန်ကြေညာသည်။

မိတ်ဆက်ပြီးသည်နှင့်တစ်ပြိုင်နက် ဂျပန်စာပို့ဘဏ်၏ အပ်နှံသူများသည် ၎င်းတို့၏ ယန်းငွေကို ဒီစီဂျေပီဝိုင်အဖြစ်ပြောင်းလဲပြီး ဒီဂျစ်တယ်ငွေကြေးများနှင့် အခြားသော ဘလော့ချိန်းအခြေပြုပိုင်ဆိုင်မှုများကို ချက်ချင်းငွေပေးချေနိုင်မည်ဖြစ်ကြောင်း သိရသည်။

Mon






## လူရာနှင့်ချီ၍ တင်ဆောင်လာသည့် အကူအညီပေးရေးလှေများ ပြင်းထန်သောလေများကြောင့် စပိန်နိုင်ငံ ဘာစီလိုနာသို့ ပြန်လာခဲ့ရ

**မက်ဒရစ် စက်တင်ဘာ ၂**

ပင်လယ်တွင်းမှ ပြင်းထန်သောလေများကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူ ဂရီတာသွန်းဘာ့ဂ်အပါအဝင် ပါလက်စတိုင်းလိုလားသူ လူရာနှင့်ချီ၍ တင်ဆောင်လာသည့် အကူအညီပေးရေးလှေများ စပိန်နိုင်ငံ ဘာစီလိုနာသို့ ယမန်နေ့က ပြန်လာခဲ့ရကြောင်း သိရသည်။

သို့ရာတွင် "မလုံခြုံသည့် ရာသီဥတုအခြေအနေကြောင့် ကျွန်တော်တို့ ရေကြောင်းစမ်းသပ်မောင်းနှင်ခဲ့ပြီးနောက် မုန်တိုင်းဖြတ်ကျော်နိုင်ရန် ဆိပ်ကမ်းသို့ ပြန်လာခဲ့ရပါသည်"ဟု ကြေညာချက်တွင် ပြောကြားခဲ့သော်လည်း လှေများ မည်သည့်အချိန်တွင် ဘာစီလိုနာသို့ အတိအကျပြန်ရောက်လာသည်ကို ဖော်ပြထားခြင်းမရှိချေ။

"ဒီလိုလုပ်ဆောင်တာဟာ လေတိုက်နှုန်း တစ်နာရီ ၅၅ ကီလိုမီတာကျော်နေတာကြောင့် လှေငယ်တွေနဲ့ ရှုပ်ထွေးမှုတွေ မဖြစ်အောင် ထွက်ခွာမယ့်အချိန်ကို ရွှေ့ဆိုင်းလိုက်တာကို ဆိုလိုပါတယ်" ဟု ခရီးစဉ်စီစဉ်သူတစ်ဦးက ထပ်လောင်းပြောကြားသည်။

"ကျွန်တော်တို့ ဒီလိုဆုံးဖြတ်ခဲ့တာဟာ ပါဝင်သူအားလုံးရဲ့ ဘေးကင်းလုံခြုံရေးနဲ့ သက်သာချောင်ချိရေးကို ဦးစားပေးပြီး ကျွန်တော်တို့ရဲ့တာဝန် အောင်မြင်အောင် ကာကွယ်ဖို့အတွက် ဖြစ်ပါတယ်"ဟု ၎င်းကဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။ Mon

## ဆူဒန်အနောက်ပိုင်း မာရာတောင်တန်းဒေသတွင် မြေပြိုမှုဖြစ်ပွား၊ အနည်းဆုံး လူ ၁၀၀၀ ခန့် သေဆုံး



**ခါတူးမ် စက်တင်ဘာ ၂**

ဆူဒန်နိုင်ငံအနောက်ပိုင်းရှိ ဝေးလံခေါင်သီသော မာရာတောင်တန်းတွင် ယမန်နေ့ကဖြစ်ပွားသော မြေပြိုမှုကြောင့် အနည်းဆုံးလူ ၁၀၀၀ခန့် သေဆုံးကြောင်း သိရသည်။

ယခင်ရက်သတ္တပတ်နှောင်းပိုင်းက ရက်ပေါင်းများစွာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုခဲ့ရာ တာရာစင်ကျေးရွာ၏ အစိတ်အပိုင်းအများစုကို မြေညီသွားစေခဲ့ပြီး အသက်ရှင်ကျန်ရစ်သူ တစ်ဦးသာ ရှိခဲ့သည်ဟု သတင်းထုတ်ပြန်သည်။

ဆူဒန်တပ်မတော်နှင့် အရန်တပ်ဖွဲ့ဖြစ်သော အာအက်ဖ်အက်စ်တို့အကြား ပဋိပက္ခကြောင့် မြောက်ဒါဖောပြည်နယ်မှ ဒေသခံများစွာသည် ၎င်းတို့၏နေအိမ်များမှ ထွက်ပြေးခဲ့ကြရပြီးနောက် မာရာတောင်တန်းဒေသတွင် ခိုလှုံခဲ့ကြသည်။

၂၀၂၃ ခုနှစ်၊ ဧပြီလတွင် ဆူဒန်တပ်မတော်နှင့် အာအက်စ်ဖက်ဖ်တို့အကြား ဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့် နိုင်ငံသည် အငတ်ဘေးကြုံတွေ့ခဲ့ရပြီး အနောက်ပိုင်းဒါဖောဒေသတွင် လူမျိုးတုံးသတ်ဖြတ်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

Mon

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားခုနစ်ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသားလေးဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၂

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ကင်ညာနိုင်ငံသားငါးဦး၊ နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦးနှင့် သီရိလင်္ကာနိုင်ငံသားတစ်ဦး စုစုပေါင်းခုနစ်ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့်သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသားလေးဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို



လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာနိုင်ငံသံရုံးမှ Counsellor Mr. Alexander Mwendwa Mutinda နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ကင်ညာနိုင်ငံသားတစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးနှင့် တောင်အာဖရိကနိုင်ငံသားနှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသားလေးဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှစက်တင်ဘာ ၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၇၃ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၆၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၀၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## ထရန်စဖော်မာများတွင် အသုံးပြုသည့် ကြေးကြိုး၊ ဒန်ကြိုးများနှင့်အတူ တွေ့ရှိသူ ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၌ ဩဂုတ် ၃၀ ရက်က ထရန်စဖော်မာများတွင် အသုံးပြုသည့် ကြေးကြိုး၊ ဒန်ကြိုးများနှင့်အတူ တွေ့ရှိသူ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့အား ဖမ်းဆီး အရေးယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီခွဲတွင် ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဒက္ခိဏသီရိရပ်ကွက်၊ ရွှေနှင်းဆီ(၁)လမ်းရှိ 'ဝင်းမဟာ' အဟောင်းပစ္စည်းရောင်းဝယ်ရေးဆိုင်ရှေ့တွင် ကုန်တင်ယာဉ်တစ်စီး ရပ်တန့်ထားပြီး ပစ္စည်းများ တင်ဆောင်နေသည်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် ဝင်ရောက်စစ်ဆေးခဲ့ရာ ဆိုင်ပိုင်ရှင်ဖြစ်သည့် အဆိုပါရပ်ကွက်နေ ကျော်လွင်(ခ)ဦးကျော်(၄၉)နှစ်၊ တစ်ရပ်ကွက်တည်းနေသူများဖြစ်ကြသည့် ဒေါ်ညွန့်ညွန့်(၅၁)နှစ်၊ အလုပ်သမားများဖြစ်သော ဖိုးချစ်သဲ(ခ)ချက်ကြီး(၂၂)နှစ်၊ မျိုးမင်းထက်(ခ)ဝတုတ်(၃၀)နှစ်၊ ရဲအောင်(၃၆)နှစ်၊ တင်လှိုင်(၄၀)နှစ်၊ မြစ်သားမြို့နယ်၊ ကသဲကုန်းရွာနေ စိုင်းဘဦး(ခ)ရှမ်းလေး(၃၉)နှစ်နှင့် အောင်ချမ်းသာရွာနေ မျိုးဇော်ဝင်း(၂၅)နှစ်၊ စုစုပေါင်း ရှစ်ဦးတို့အား လျှပ်စစ်မီးတိုင်များနှင့် ထရန်စဖော်မာများတွင် အသုံးပြုသည့် လျှပ်စစ်ကြေးကြိုး၊ ဒန်ကြိုး စုစုပေါင်းအလေးချိန် ၆၁၅ ပိဿာနှင့်အတူ တွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် ကျော်လွင်(ခ)ဦးကျော်ပါ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့အား ဒက္ခိဏသီရိမြို့မရဲစခန်းတွင် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ကွန်ဟိန်းမြို့နယ်တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီခွဲက သက်သေများနှင့်အတူ ကွန်ဟိန်းမြို့နယ်၊ ဆိုင်းမွန်ကျေးရွာအနီး၊ ကွန်ဟိန်း-ခိုလမ်သွားကားလမ်းတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် စိုင်းအောင်သူ(ခ)အောင်သူ မောင်းနှင်လာသည့် TOYOTA HI-ACE အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော ဘိန်းဖြူ အလေးချိန် ၄ ဒသမ ၂ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းအောင်သူ(ခ)အောင်သူ(၃၂)နှစ်အား ကွန်ဟိန်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## သာစည်မြို့နယ်တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၃၀ ရက် ည ၁၁ နာရီ ၄၅ မိနစ်က သက်သေများနှင့်အတူ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမြို့ဘက်မှ မန္တလေးမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် မစိန်ညီထွေးနှင့် မစန္ဒာထွေးတို့ထံမှ ဘိန်းစိမ်း အလေးချိန် ၁၅ ကီလို၊ ငွေကျပ် ၈ ဒသမ ၇ သိန်းနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မစိန်ညီထွေး(၂၈)နှစ်နှင့် မစန္ဒာထွေး(၂၆)နှစ်တို့အား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ပက်များ အခမဲ့ဖြန့်ဝေ၊ အသိပညာပေးခြင်းဆောင်ရွက်

**သရက် စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့ မြို့မဈေးအတွင်း၌ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစား ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) သို့ ပါဝင်တက်ရောက်ခဲ့မှုနှင့် တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်ရောက်ရှိနေမှုနှင့်ပတ်သက်၍ ခရီးစဉ်တွင်လိုက်ပါလာသည့် သတင်းမီဒီယာများ၏သိရှိလိုသည့် မေးမြန်းမှုများအပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ဖြေကြားချက်

ပထမဦးဆုံးက ပထမပိုင်းဒီခရီးစဉ်မှာ တရုတ်နိုင်ငံကို မြန်မာနိုင်ငံယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ လာတဲ့ခရီးစဉ်မှာ ကျွန်တော်တို့က အပိုင်းသုံးပိုင်း ပါပါတယ်။ နံပါတ်တစ်အပိုင်းက တီယန်ကျင်းမြို့အပိုင်း၊ နံပါတ်နှစ်အပိုင်းက ပေကျင်းမြို့အပိုင်း၊ နံပါတ်သုံးအပိုင်းက ဟာပင်းနဲ့ချန်ဒူးမြို့အပိုင်းဆိုပြီး သုံးပိုင်း ပါပါတယ်။ နံပါတ်တစ်အပိုင်းက SCO အစည်းအဝေး၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ရဲ့ ထိပ်သီးအစည်းအဝေး SCO SUMMIT 2025 Plus အစည်းအဝေး တက်ရောက်တဲ့အပိုင်း ဖြစ်ပါတယ်။ ဒုတိယအပိုင်းက ပေကျင်းမှာရှိတဲ့ တရုတ်နိုင်ငံရဲ့ နှစ်(၈၀)ပြည့် ဖက်ဆစ်တော်လှန်ရေး အထိမ်းအမှတ်ကို လာရောက်တဲ့အပိုင်းဖြစ်ပါတယ်။ နံပါတ်သုံးအပိုင်းက ဟာပင်းနဲ့ ချန်ဒူးမြို့ကို လေ့လာရေးခရီးစဉ်သွားရောက်တဲ့အပိုင်း ဖြစ်ပါတယ်။ အခုကတော့ ခရီးစဉ်ပထမပိုင်းဖြစ်တဲ့ တီယန်ကျင်းမြို့မှာ SCO အစည်းအဝေးနဲ့ ထိပ်သီးအစည်းအဝေးတွေ ပြီးဆုံးတဲ့အတွက်ကြောင့် ကျွန်တော်တို့က ပေကျင်းမြို့ကို ထွက်ခွာနေတာ ဖြစ်ပါတယ်။ ပေကျင်းမြို့ကို သွားတဲ့အခါမှာ အမြန်ရထားနဲ့သွားတာဖြစ်တယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနဲ့ ခရီးစဉ်မှာလိုက်ပါလာတဲ့ လူတွေအကုန်လုံးက ဒီအမြန်ရထားနဲ့ထွက်ခွာတာ ဖြစ်တယ်။ ပထမဆုံး တီယန်ကျင်းမြို့အကြောင်းကို ပြောချင်တယ်။ တီယန်ကျင်းမြို့ဆိုတာက တရုတ်နိုင်ငံမြို့တော်ဖြစ်တဲ့ ပေကျင်းနဲ့ ကပ်လျက်မြို့ဖြစ်တယ်။ တီယန်ကျင်းမြို့က သမိုင်းရှိတဲ့မြို့ ဖြစ်တယ်။ ပထမဘိန်းစစ်ပွဲတို့ဘာတို့က တီယန်ကျင်းမှာဖြစ်ထားတာ။ တရုတ်နိုင်ငံပထမဘိန်းစစ်ပွဲပေါ့။ ပေကျင်းနဲ့ ကပ်လျက် အနီးဆုံးသော ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်တယ်။ တရုတ်နိုင်ငံရဲ့ မြောက်ဘက်ပိုင်းမှာ အရေးကြီးဆုံး ပင်လယ်ဆိပ်ကမ်းမြို့ထဲမှာ ပါဝင်တယ်ပေါ့နော်။ တီယန်ကျင်းမြို့မှာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုညီလာခံရဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ရဲ့ ထိပ်သီးအစည်းအဝေးပွဲ လုပ်တာဟာ ကျွန်တော်ကတော့ အဓိပ္ပာယ်ပြည့်ဝတယ်လို့ ထင်ပါတယ်။ ဒါကြောင့်လည်း ဒီ SCO အစည်းအဝေးမှာ နိုင်ငံပေါင်း ၂၀ ကျော်ပေါ့နော် ၂၆ နိုင်ငံ လုပ်တဲ့အထဲမှာ ၂၀ ကျော်တက်ရောက်တယ်။ မနေ့ကတော့ ဒီထိပ်သီးအစည်းအဝေးနဲ့ အပေါင်းအစည်းအဝေးပွဲတွေ ပြီးသွားတယ်။ အဲဒီမှာတော့ ထူးထူးခြားခြားပြောစရာရှိတာကတော့ ထိပ်သီးအစည်းအဝေးမှာ တရုတ်သမ္မတကြီး H.E.Mr.Xi Jinping က GGI နဲ့ပတ်သက်ပြီး အချက် (၅)ချက်၊ Global Governance Initiative ပေါ့၊ ဒီအချက် (၅)ချက်ကိုတင်သွင်းခဲ့တာရှိတယ်။ နိုင်ငံအများစုလည်း ထောက်ခံတယ်။ အဓိကအနှစ်ချုပ်ပြောရမယ်ဆိုရင် ဒီနေ့ကမ္ဘာမှာ ဖြစ်နေတာက Unipolar World ကနေ Multipolar World ပေါ့နော်။ အရင်တုန်းကတော့ အင်အားကြီးနိုင်ငံတစ်ခုတည်းကနေပြီးတော့ ကမ္ဘာ့ရေးရာတွေကို ထိန်းချုပ်တာကနေပြီး နိုင်ငံအများစုပါဝင် ထိန်းချုပ်ဖို့၊ နိုင်ငံအများစု ပါဝင်ပြီးတော့ ကမ္ဘာ့ရေးရာမှာ လှုပ်ရှားဖို့၊ ဒီဟာတွေကို သွားတာပါ။ တရားမျှတမှုတို့၊ ပြီးရင် အဲဒီအစည်းအဝေးမှာ အဓိကအများဆုံးပြောတာကတော့ နိုင်ငံငယ်တွေရဲ့ပေါ့နော်၊ နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာကို လေးစားကြဖို့ ဆိုတာကို အဓိကပြောတာဖြစ်တယ်။ နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာကို လေးစားကြဖို့ဆိုတာ အဓိကက ကျွန်တော်တို့ နိုင်ငံငယ်တွေအတွက် ဘာအားသာလဲဆိုတော့ ဒီအချိန်မှာ နိုင်ငံကြီးတွေအနေနဲ့၊ အင်အားကြီး နိုင်ငံတွေအနေနဲ့က သူတို့ရဲ့ အမျိုးသားရေးအကျိုးစီးပွားအတွက် သူတို့တည်ထောင်နေတာရှိတယ်။ ဒီလိုပဲ နိုင်ငံငယ်တွေမှာလည်း သူတို့ရဲ့ အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲဖို့ သူတို့ရဲ့ အချုပ်အခြာအာဏာနဲ့ ပတ်သက်ပြီးလုပ်နိုင်ဖို့ဆိုတာ ဒီလိုအဖွဲ့အစည်းတွေကနေတစ်ဆင့် လုပ်နိုင်မှ ခိုင်မာမှာဖြစ်တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့လည်း SCO မှာ အမြဲတမ်း အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့အတွက် တရားဝင်အဆိုပြုထားတာလည်းရှိတယ်။ အောင်မြင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ နောက်တစ်ခုကတော့ ဒီအစည်းအဝေးပွဲမှာ တရုတ်သမ္မတကြီး H.E. Mr.Xi Jinping နဲ့ ဆွေးနွေးနိုင်ခဲ့တယ်။ ဆွေးနွေးပွဲမှာ အနှစ်ချုပ်ပြောရရင် မြန်မာနိုင်ငံအတွက် ဘာအကျိုးအမြတ်ရှိလဲဆိုတော့ နံပါတ်တစ် အကျိုးအမြတ်အနေနဲ့ကတော့ နိုင်ငံရေးအရ အသိအမှတ်ပြုမှု၊ နံပါတ်နှစ်ကတော့ နိုင်ငံတကာရေးအရ အသိအမှတ်ပြုမှု၊ နံပါတ်သုံးအချက်ကတော့ မြန်မာနိုင်ငံမှာ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲမှာ တရုတ်နိုင်ငံအနေနဲ့ အသိအမှတ်ပြုဖို့၊ ပြီးရင် အထွေထွေရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ ကူညီနိုင်ဖို့ ဒါတွေကို အတည်ပြုပေးလိုက်တာရှိတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံအနေနဲ့ ဆက်လက်ပြီး ကူညီသွားမယ်ဆိုတဲ့ အာမခံချက်တွေရရှိခဲ့တာ ဖြစ်တယ်။ တရုတ်သမ္မတကြီးနဲ့တွေ့တဲ့အချိန်မှာ မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတွေကို ဆက်လက်ရပ်တည် ကူညီပေးသွားမယ်ဆိုတာကိုလည်း ရရှိခဲ့ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ အိမ်နီးချင်းအင်အားကြီးနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့ဝန်ကြီးချုပ် မစ္စတာ မိုဒီနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့တယ်။ တွေ့ဆုံဆွေးနွေးတဲ့အခါမှာလည်း မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အိန္ဒိယနိုင်ငံအနေနဲ့က အမြဲတမ်းရပ်တည်ပေးလျက်ရှိမှုတွေ၊ နိုင်ငံရေးအရ အာမခံချက်ရှိမှုတွေ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး လုပ်ဆောင်ပေးနိုင်တာတွေ ဒါတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့တယ်။ ဒါ့အပြင် လာအိုနိုင်ငံသမ္မတကြီးနဲ့လည်း သီးခြားဆွေးနွေးနိုင်ခဲ့တယ်။ လာအိုနဲ့ ကျွန်တော်တို့ လုပ်နေတဲ့ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ နယ်စပ်ဖြတ်ကျော်ကဏ္ဍ၊ အလုပ်သမားကဏ္ဍ၊ ဒါတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့တယ်။ ဒါ့အပြင် SCO အစည်းအဝေးတက်တဲ့အခါမှာ မလေးရှားနိုင်ငံဝန်ကြီးချုပ်တို့အပါအဝင် တခြားခေါင်းဆောင်တွေနဲ့လည်း အစည်းအဝေးခန်းမမှာ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။ ပြောရမယ်ဆိုရင် အောင်မြင်တဲ့တွေ့ဆုံမှုပေါ့နော်။ ဒီတစ်နေရာတည်းမှာပဲ ဒေသခေါင်းဆောင်တွေ၊ အိမ်နီးနားချင်းခေါင်းဆောင်တွေနဲ့တွေ့ရတာ တကယ်လည်း အောင်မြင်တဲ့တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့လည်း ဒီခရီးစဉ်က အကျိုးများစွာ ဖြစ်ထွန်းစေတဲ့ ခရီးစဉ်တစ်ခုဆိုတာကို ကျွန်တော်တို့အနေနဲ့ ပြောကြားလိုပါတယ်။ ဒီနေ့မှာဆိုရင် ကျွန်တော်တို့ ပေကျင်းကိုရောက်မယ်။ ပေကျင်းကို ရောက်ရင်တော့ တရုတ်နိုင်ငံရဲ့ ဒုတိယသမ္မတကြီးနဲ့တွေ့မယ်။ မနက်ဖြန်မှာဆိုရင် ပေကျင်းမှာလုပ်တဲ့ နှစ်(၈၀)ပြည့် ဖက်ဆစ်တော်လှန်ရေးနေ့ အောင်ပွဲအထိမ်းအမှတ် အခမ်းအနားကို တက်ရောက်မှာဖြစ်တယ်။ နောက်နေ့တွေမှာ ဟာပင်းနဲ့ ချန်ဒူးကိုသွားပြီး ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့သက်ဆိုင်တဲ့၊ ကဏ္ဍပေါင်းစုံနဲ့သက်ဆိုင်တဲ့ စက်ရုံတွေ၊ အလုပ်ရုံတွေ၊ နေရာတွေ၊ ဌာနတွေကို လေ့လာသွားမှာဖြစ်ပါတယ်။ ဒီခရီးစဉ်နဲ့ပတ်သက်ပြီး ကျွန်တော်အနှစ်ချုပ်ပြီးပြောရရင် အောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်တယ်။ ဆက်လက်ပြီးတော့လည်း အောင်မြင်မယ်လို့ယုံကြည်တယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကျွန်တော်တို့မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားတွေကို တိုက်တွန်းချင်တာကတော့ ကျွန်တော်တို့မှာ ဒီလိုမျိုးအခြေအနေကောင်းတွေရှိနေပါပြီ။ နိုင်ငံတကာမှာလည်း မြန်မာ့ရဲ့ ဂုဏ်သိက္ခာနဲ့ပတ်သက်ပြီးတော့ ဂရုစိုက်လာတဲ့၊ မြင့်မားလာနိုင်တဲ့ဟာတွေရှိနေပါပြီ။ ကျွန်တော်တို့လိုတာက ဘာလဲဆိုတော့ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံး တည်ငြိမ်အေးချမ်းရေးကိုလိုလားဖို့ စည်းလုံးညီညွတ်မှုကိုလိုလားဖို့ တည်ငြိမ်အေးချမ်းရေးနှင့် စည်းလုံးညီညွတ်မှုကို အကောင်အထည်ဖော်တဲ့ နေရာမှာ မြန်မာဆိုတဲ့စိတ်ဓာတ်၊ ပြည်ထောင်စုဆိုတဲ့ စိတ်ဓာတ်နဲ့ပဲ ဆောင်ရွက်သွားဖို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



## နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ် လက်ခံခြင်းကိုလည်း ဆက်လက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း စုစုပေါင်း ၁၂၀ ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၃၀၆ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၃၇၃၀ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၂၄ ဦးတို့အား ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၃၄ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၂၅ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



သတင်းစဉ်

## အီဆက်ခ်အား ခေါ်ယူပြီးနောက် လီဗာပူးအသင်း နွေရာသီအသုံးစရိတ် စတာလင်ပေါင် ၄၁၆ ဒသမ ၂သန်း အထိရှိလာ

**လီဗာပူး စက်တင်ဘာ ၂**

လီဗာပူးအသင်းသည် အပြောင်းအရွှေ့နောက်ဆုံးရက်တွင် နယူးကာဆယ်အသင်း တိုက်စစ်မှူး အီဆက်ခ်အား ဗြိတိန်စံချိန်တင်ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၁၃၀ ဖြင့် ခေါ်ယူခဲ့ပြီးနောက် နွေရာသီဈေးကွက်အတွင်း ကစားသမား ခေါ်ယူမှုအတွက် အသုံးစရိတ် စတာလင်ပေါင် ၄၁၆ ဒသမ ၂ သန်း အထိ ရှိလာခဲ့သည်။

လီဗာပူးအသင်းသည် နွေရာသီဈေးကွက်အတွင်းတွင် အီဆက်ခ်အပါအဝင် အီကီတီကီ၊ ကာကက်ဇ်၊ ဖလော်ရီယန်ဗက်ဇ်၊ ဖရင်းပေါင်စသည့်ကစားသမားများအပြင် အခြားကစားသမားများစွာ ခေါ်ယူမှုအတွက် အသုံးစရိတ် စတာလင်ပေါင် ၄၁၆ ဒသမ ၂ သန်းအထိရှိလာခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဆက်ခ်သည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၉ပွဲကစားပြီး ၆၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အီဆက်ခ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၃၁ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

**(အောက်ပုံ) (NGB)**



## ဆင်မြူရယ်ချူကွက်ဇီအား ဖူလ်ဟမ်အသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၂**

ဖူလ်ဟမ်အသင်းသည် အပြောင်းအရွှေ့နောက်ဆုံးရက်တွင် အေစီမီလန်အသင်း တောင်ပံကစားသမား ဆင်မြူရယ်ချူကွက်ဇီအား စတာလင်ပေါင် ၂၆ သန်းဖြင့် ခေါ်ယူခဲ့သည်။

တောင်ပံကစားသမား ဆင်မြူရယ်ချူကွက်ဇီသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၉ပွဲကစားပြီး ရှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖူလ်ဟမ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



အသက်(၂၆)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အသင်းကို အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် ဖူလ်ဟမ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဖူလ်ဟမ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား သုံးဦးအထိ ခေါ်ယူအားဖြည့်ထားနိုင်ခဲ့သည်။ **(ဝဲပုံ)**

**(NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* ဘိုင်ယန်မြူးနစ်အသင်းသည် ချဲလ်ဆီးအသင်း တိုက်စစ်မှူး နီကိုးလက်ဇ်ဂျက်ဆင်ကို တစ်ရာသီအငှားဖြင့် ခေါ်ယူခဲ့သည်။
* မန်ချက်စတာယူနိုက်တက်အသင်းသည် အန့်ဝပ်အသင်း ဂိုးသမား လမ်းမန်းစ်ကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။
* အာဆင်နယ်အသင်းသည် လေဗာကူဆင်အသင်း နောက်ခံကစားသမား ဟင်ကာပီအေကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။
* ဖီနာဘာချီအသင်းသည် ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အဆန်စီယိုကို ယူရို ၈ ဒသမ ၅သန်းဖြင့် ခေါ်ယူခဲ့သည်။ **(NGB)**




## နည်းပြ တန်ဟက်ဂ်အား နည်းပြရာထူးမှ လေဗာကူဆင်အသင်း ထုတ်ပယ်



**မြူးနစ် စက်တင်ဘာ ၂**

လေဗာကူဆင်အသင်းသည် အသင်း၏ရလဒ်ဆိုးများကြောင့် နည်းပြ တန်ဟက်ဂ်အား ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

လေဗာကူဆင်အသင်းသည် ယခုနှစ်ဘောလုံးရာသီဥ္ ဘွန်ဒက်လီဂါပွဲစဉ် နှစ်ပွဲကစားအပြီးတွင် တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်အပြင်၊ ပြီးခဲ့သည့် ရာသီကြိုခြေစမ်းပွဲစဉ်များတွင်လည်း ရလဒ်များဆိုးရွားခဲ့ခြင်းကြောင့် နည်းပြ တန်ဟက်ဂ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

လေဗာကူဆင်အသင်း၏ ထုတ်ပြန်ချက်တွင် "နည်းပြ တန်ဟက်ဂ်ကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

**(ဝဲပုံ)**

**(NGB)**

## လင်ဒီလော့ဖ်ကို နှစ်နှစ်စာချုပ်ဖြင့် အက်စတွန်ဗီလာအသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၂**

အက်စတွန်ဗီလာအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော နောက်ခံကစားသမား လင်ဒီလော့ဖ်ကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈၄ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ လင်ဒီလော့ဖ်က "ကျွန်တော် အက်စတွန်ဗီလာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခွင့်ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်ဖို့ အစွမ်းကုန်ပေးဆပ်ကစားသွားမှာပါ"ဟု ပြောသည်။ **(ယာပုံ)**

**(NGB)**





## ပေါင်ကြွက်သားဒဏ်ရာကြောင့် ချာကီ နှစ်လခန့်အနားယူရမည်

**မန်ချက်စတာ စက်တင်ဘာ ၂**

မန်စီးတီးအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ချာကီသည် ပေါင်ကြွက်သားဒဏ်ရာကြောင့် နှစ်လခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် မန်စီးတီးအသင်းက စပါးအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ချာကီ ဒဏ်ရာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မန်စီးတီးအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမား ချာကီသည် မန်စီးတီးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ နှစ်ပွဲကစားပြီး တစ်ဂိုး သွင်းယူထားသည်။

**(ဝဲပုံ)**

**(NGB)**

## မူအာနီကို အငှားစာချုပ်ဖြင့် စပါးအသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၂**

စပါးအသင်းသည် ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး မူအာနီကို ရာသီကုန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် စပါးအသင်းတွင် ကျောနံပါတ် (၃၉)ဂျာစီဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တိုက်စစ်မှူး မူအာနီသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၄ပွဲကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခြင်းကြောင့် စပါးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် တိုက်စစ်မှူး မူအာနီအနေဖြင့် စပါးအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



## အာရှဖလား(ယူ-၂၃)ဘောလုံးပြိုင်ပွဲ (ခြေစစ်ပွဲ-အုပ်စုအဆင့်)ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၃-၉-၂၀၂၅ ဗုဒ္ဓဟူးနေ့ | မွန်းလွဲ၂း၀၀နာရီ | D | ဩစတြေးလျ - မြောက်မာရီနာကျွန်း |
| ။ | မွန်းလွဲ၃း၀၀နာရီ | J | တောင်ကိုရီးယား - မကာအို |
| ။ | မွန်းလွဲ၃း၃၀နာရီ | G | အီရတ် - ပါကစ္စတန် |
| ။ | ။ | F | မလေးရှား - လက်ဘနွန် |
| ။ | ။ | C | ယီမင် - စင်ကာပူ |
| ။ | ညနေ၄း၀၀နာရီ | B | ကူဝိတ် - မြန်မာ |
| ။ | ညနေ၄း၃၀နာရီ | E | ဥဇဘက်ကစ္စတန် - သီရိလင်္ကာ |
| ။ | ညနေ၆း၀၅နာရီ | D | တရုတ် - တီမော |
| ။ | ညနေ၆း၃၀နာရီ | G | ကမ္ဘောဒီးယား - အိုမန် |
| ။ | ။ | C | ဗီယက်နမ် - ဘင်္ဂလားဒေ့ရှ် |
| ။ | ည၇း၀၀နာရီ | J | အင်ဒိုနီးရှား - လာအို |
| ။ | ။ | B | ဂျပန် - အာဖဂန်နစ္စတန် |
| ။ | ။ | F | ထိုင်း - မွန်ဂိုလီးယား |
| ။ | ည၇း၃၀နာရီ | K | ဆီးရီးယား - ဖိလစ်ပိုင် |
| ။ | ည၈း၃၀နာရီ | E | ပါလက်စတိုင်း - ကာဂျစ္စတန် |
| ။ | ။ | A | တာမင်နစ္စတန် - တရုတ်တိုင်ပေ |
| ။ | ည၉း၀၀နာရီ | I | အီရန် - ဟောင်ကောင်(တရုတ်) |
| ။ | ည၉း၄၅နာရီ | H | ဘာရိန်း - အိန္ဒိယ |
| ။ | ည၁၀း၃၀နာရီ | A | ဂျော်ဒန် - ဘူတန် |
| ။ | ။ | K | တာဂျစ်ကစ္စတန် - နီပေါ |
| ။ | ည၁၁း၃၀နာရီ | H | ကာတာ - ဘရူနိုင်း |
| ၄-၉-၂၀၂၅ ကြာသပတေးနေ့ | နံနက်၀၀း၀၀နာရီ | I | ယူအေအီး - ဂူအမ် |

## 2025 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Iga Swiatek တက်ရောက်



**နယူးယောက် စက်တင်ဘာ ၂**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော်တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2025 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ရုရှားတင်းနစ်မယ် Alexandrova အား ၆-၃၊ ၆-၁ဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် အိမ်ရှင် အမေရိကန်တင်းနစ်မယ် Amanda Anisimova တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ဝဲပုံ)**

**(NGB)**

# မြို့တော်ဝန် ဦးကျော်ဆန်း မန္တလေးတက္ကသိုလ်ကျောင်းဝင်းအတွင်း စပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် မြေယာရှုခင်းအလှရောင်စုံပန်းဝိုင်းများ ပြန်လည်စိုက်ပျိုးနေမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





**မန္တလေး စက်တင်ဘာ ၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁) ဦးမြင့်ဦးနှင့် ဌာနမှူးများလိုက်ပါကာ ယနေ့ နံနက်ပိုင်းက နှစ်(၁၀၀)ပြည့် မန္တလေးတက္ကသိုလ် ရာပြည့်ပွဲတော်မတိုင်မီ မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ် ကျောင်းဝင်းအတွင်း ဥပဓိရုပ်ကောင်းမွန်ရေးအတွက် ချုံနွယ်ပိတ်ပေါင်းများနှင့် မြက်ခင်းပြင်များအား သာယာလှပရေးအတွက် စပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် မြေယာရှုခင်းအလှရောင်စုံပန်းဝိုင်းများ ပြန်လည်ပြုပြင်စိုက်ပျိုးဆောင်ရွက်နေမှု လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမျက်နှာစာရှိ ဥယျာဉ်အတွင်း(Flower Box) များ၌ ရောင်စုံပန်းအလှပင်များ စိုက်ပျိုးရန် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန လုပ်သားဝန်ထမ်းများဖြင့် မြေပြုပြင်ပြီး မြေဩဇာထည့်ခြင်း၊ Ground Cover(မြေပြင်ရှုခင်း)အလှမြက်စိုက်ခင်းများ စိုက်ပျိုးရန် မြေပြုပြင်နေမှုနှင့် ဘွဲ့နှင်းသဘင်ခန်းမဧရိယာပရိဝုဏ်အတွင်း အပင်ကြီးများအား အောက်ခြေထုံးသုတ်ခြင်း၊ အလှပန်းပင်များအား လုံးဝန်းညီညာစေရန် စက်ဖြင့် ကိုင်းညှိပုံသွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ ရေနှင့် သန့်ရှင်းမှုဌာနမှ ဘွဲ့နှင်းသဘင်ခန်းမရှေ့ ဥယျာဉ်အတွင်း ရေပန်းအား ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ သန့်ရှင်းရေးဌာနမှ လုပ်သားဝန်ထမ်းများက ဘွဲ့နှင်းသဘင်ခန်းမ ပရိဝုဏ်တစ်လျှောက်နှင့် ကားရပ်နားရန်ကွင်း (Car Parking)ဧရိယာအတွင်း ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များသိမ်းဆည်းခြင်းလုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က ဘွဲ့နှင်းသဘင်ခန်းမ အဝင်၊ အထွက်လမ်းများတွင် ရေတင်၊ ရေဝပ်မှုမဖြစ်စေရေးနှင့် လမ်းအပေါက်ဖြစ်နေသည့် နေရာများတွင် ရေမြောင်းဖောက်လုပ် ပြန်လည်ပြုပြင်ပေးရန်၊ ဘွဲ့နှင်းသဘင်ခန်းမ အဝင်၊ အထွက်လမ်းများတွင် ဖြူ၊ နီကျား ဆေးသုတ်ပေးရန်နှင့် အုတ်တံတိုင်းများ၊ Flower Box ပန်းခုံများ ပျက်စီးမှုအား ပြုပြင်ပေးရန်အပြင် ဆေးအသစ်သုတ်၍ မွမ်းမံပြင်ဆင်ပေးရန် ကိစ္စရပ်များကို လမ်းတံတားဌာန ဌာနမှူးအား မှာကြားပြီးနောက် မကြာမီတွင် မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကြီး ဖွင့်ပွဲကျင်းပမည့်နေရာနှင့် ကျောင်းဝင်းတစ်လျှောက် သန့်ရှင်းသပ်ရပ်သာယာလှပရေးအတွက် စက်တင်ဘာလအတွင်း အပြီးဆောင်ရွက်ရန် ကိစ္စရပ်များအား ဆောင်ရွက်ပြီးစီးရေးကို မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ ပေါင်းစပ်ဆောင်ရွက်ကြရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



## အမရပူရမြို့နယ် လက်သစ်ကျေးရွာတွင် ဂျင်းလမ်းခင်းခြင်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**မန္တလေး စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အမရပူရမြို့နယ်၊ လက်သစ်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာတွင်း ဂျင်းလမ်းခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ မြို့နယ်စီမံကိန်းတာဝန်ခံ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရန် အလေးထား ဆောင်ရွက်သွားရေးတို့ကို ပြောကြားခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ လက်သစ်ကျေးရွာ ကျေးရွာတွင်းလမ်းမှာ အရှည် ပေ ၂၆၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မထု ဂျင်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၇၀ ဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့မှုဖြင့် ဇွန်လပထမအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မျိုးကျော်**

## မြို့နယ်အဆင့် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၂**

လူငယ်များ ကျန်းမာကြံ့ခိုင်၍ ဗလငါးတန်နှင့် ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့နယ်အဆင့် အားကစားပြိုင်ပွဲများ၏ ဖွင့်ပွဲအခမ်းအနားကို မြို့နယ်အားကစားကွင်း၌ ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ပြိုင်ပွဲဝင် အားကစားအသင်းများက ကွင်းအတွင်း စနစ်တကျနေရာယူပြီးနောက် ဖွင့်ပွဲအခမ်းအနားကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦး၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးထွန်းဇံဖြူနှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ထို့နောက် ပြိုင်ပွဲဝင် အားကစားအသင်းများက နိုင်ငံတော်အလံအား အလေးပြုပြီး အားကစားအဓိဋ္ဌာန် သီချင်းကို သီဆိုခဲ့ကြသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် အားကစားအသင်းများက ချီတက်အလေးပြုခဲ့ကြသည်။

ချမ်းမြသာစည်မြို့နယ် မြို့နယ်အဆင့် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများကို အားကစားနည်းခုနှစ်မျိုးနှင့် ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။ ပြိုင်ပွဲကို စက်တင်ဘာ ၂ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆုရရှိသော အသင်းများအား မြို့နယ်ပညာရေးမှူးဖလားနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံး တာဝန်ရှိသူထံမှ သိရသည်။

**(အောက်ပုံ)**

**ချမ်းမြေ့(ချမ်း/စည်)**





## မြေပဲလုံးဆန်နှင့် ပဲတီစိမ်းများ ဈေးကျဆင်းရာမှ ပြန်လည်မြင့်တက်လာသော်လည်း ပို့ကုန်ပဲများ ဈေးငြိမ်နေ

မြေပဲလုံးဆန်နှင့် ပဲတီစိမ်းများ ဈေးကျဆင်းရာမှ ပြန်လည်မြင့်တက်လာသော်လည်း ပို့ကုန်ပဲများ ဈေးငြိမ်နေကြောင်း ပဲကုန်သည်များထံမှ သိရသည်။

ပြည်တွင်း ပို့ကုန်ပဲများနှင့် ပဲ၊ နှမ်းဈေးကွက်မှာ ဩဂုတ်လအတွင်း ဈေးကျဆင်းနေရာမှ လကုန်ပိုင်းရက်များတွင် ဈေးကျဆင်းမှုရပ်သွားပြီး စက်တင်ဘာလဆန်းပိုင်းတွင် ပဲ၊ နှမ်းအမျိုးအစားအလိုက် ဈေးအနည်းငယ်ပြန်လည်မြင့်တက်လာကြောင်း၊ဈေးကွက်အတွင်း ဈေးကျဆင်းနေသည့် ပဲတီစိမ်းဈေးကွက်မှာလည်း မြင့်တက်လာသလို နှမ်းဈေးကွက်မှာ အကျဈေးဖြင့် ငြိမ်နေကြောင်း ပဲ၊ နှမ်းကုန်သည် ဦးဆန်းထွန်းလွင်က ပြောသည်။

"မြေပဲလုံးဆန်ရော၊ ဆီဆန်ရော ဈေးကျဆင်းမှုရပ်သွားပါပြီ။ လက်ရှိမှာ တောင်သူတွေက အရေးတကြီးရောင်းချမှုမရှိတော့ဘဲ ဈေးထိန်းရောင်းတာကြောင့် မြေပဲဆန်ဈေးကွက် ပြန်လည်မြင့်တက်လာပါပြီ။ မြေပဲအမျိုးအစားအလိုက် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀ ခန့် မြင့်တက်လာပါတယ်။ နှမ်းမျိုးစုံဈေးကွက်ကတော့ ဆက်လက်ဈေးငြိမ်နေပြီး ပဲတီစိမ်းက အကျဈေးကွက်ကနေ ပြန်လည်မြင့်တက်လာပါတယ်။ အခြားပို့ကုန်ပဲတွေကတော့ ယခင်သီတင်းပတ်အတိုင်း အပြောင်းအလဲမရှိ ဈေးငြိမ်နေပါတယ်"ဟု ၎င်းက ပြောသည်။

စက်တင်ဘာ ၁ရက်တွင် ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ပဲတီစိမ်း(အညာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ အထိ ဈေးကျဆင်းနေသည်။ ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ အနည်းငယ်အတက်အကျရှိသော်လည်း အရောင်းအဝယ်ပုံမှန်ရှိနေရာ V2 ကုလားပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၈၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ ၉၂၉ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၇၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများမှာ စက်တင်ဘာ ၁ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၆၇၀၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဈေးကျဆင်းနေရာ စက်တင်ဘာ ၁ ရက်တွင် နှမ်းနက်သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၈၀၀၊ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

မန္တလေးကုန်စည်ဒိုင်၏ ပဲ၊ နှမ်းပေါက်ဈေးများမှာ ပစ္စည်းအရည်အသွေးနှင့် ဝယ်လိုအား၊ ရောင်းလိုအား ပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲများဖြစ်နိုင်သလို ဈေးအတက်အကျကိုလည်း ကုန်သည်ပွဲစားများမှ ထိန်းသိမ်းကာ သတင်းထုတ်ပြန်မှုများကြောင့် နေ့စဉ်ပေါက်ဈေးများမှာ အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

**ရွှေမန်း**

## ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုး

**မန္တလေး စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် Burma Vocational College (BVC)တို့ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးပွဲကို ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း နှင့် ၁၄လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ယာယီရုံး)တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍများ ပိုမိုဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးကြပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ) (၀၄၅)**



## တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် လူရည်ချွန်များအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

**အောင်လံ စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊အောင်လံမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန် ကျောင်းသား၊ ကျောင်းသူများနှင့် လူရည်ချွန်များအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဩဂုတ် ၃၁ ရက်က အောင်လံမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အ.ထ.က(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးမာလာခိုင်က ကျေးဇူးတင်စကားပြောကြားခဲ့ပြီး မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူများက ကဗျာလွတ်အကဖြင့် လည်းကောင်း၊ Grade -11 ကျောင်းသူလေးများက(ရိုးရိုးကလေး)သီချင်းဖြင့်လည်းကောင်း၊ Grade - 10 ကျောင်းသူလေးများက (မောင့်ချစ်သူဗမာမလေး) သီချင်းဖြင့် လည်းကောင်း ကပြဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၄၂ဦး၊ လူရည်ချွန်မောင်မယ် ခြောက်ဦးနှင့် ဂုဏ်ထူးများရရှိအောင် သင်ကြားပေးခဲ့သော ဆရာ၊ဆရာမ ၁၂ဦးတို့အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**အာကာ(ပြန်/ဆက်)**




## စိုက်ပျိုးထားသော သံပရိုပင်များ သီးအားကောင်း

**ကျောက်ဆည် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ဆည်၊ မြောင်း၊ ချောင်း၊ ကန်ပေါ်များသည့်အတွက် ဆန်စပါးကို အဓိကထားစိုက်ပျိုးကြသော်လည်း ကိုင်း၊ ကျွန်းမြေများ၌ ဟင်းသီးဟင်းရွက်များနှင့် ဥယျာဉ်ခြံသီးနှံမျိုးစုံကို စိုက်ပျိုးကြရာ တံတားလည်ရပ်ကွက်တွင် စိုက်ပျိုးထားသော သံပရိုပင်များ သီးအားကောင်းပြီး နေ့စဉ်ခူးဆွတ်၍ ကျောက်ဆည်မြို့ အေးမြကြည်လင်ဈေးသို့ ရောင်းချခြင်းဖြင့် သံပရိုခြံပိုင်ရှင်များ အဆင်ပြေလျက်ရှိသည်။

သံပရိုစိုက်ပျိုးခြင်းများနှင့် ပတ်သက်၍ "တစ်နှစ်သားအရွယ် သံပရိုပင် တစ်ပင်ကို တစ်ထောင်နှင့်ဝယ်ယူပြီး လေဝင်၊ လေထွက်ကောင်းစေရန်နှင့် အသီးများ သီးလာပါက အလုံးလှဖို့အတွက် တစ်ပင်နဲ့တစ်ပင် ၁၈ပေခြားပြီး အတန်းလိုက်စိုက်ပျိုးထားကြောင်း၊ အပင်ငယ်ချိန်၌ ကာလတိုဟင်းသီးဟင်းရွက်အပင်များ သီးညှပ်စိုက်ပျိုးပြီး အပင်များကြီးထွားချိန်တွင် ကြားထွန်လိုက်ကာ မြေဩဇာများထည့်သွင်း၍ ရေသွင်းပေးခြင်းနှင့်မလိုအပ်သည့် ကိုင်းများဖယ်ရှားရှင်းပေးခြင်းဖြင့် အပင်များ ကောင်းစွာဖြစ်ထွန်းပြီး အသီးသီးနှုန်းလည်းကောင်းမွန်ကြောင်း၊ အပင်သက်တမ်းသုံးနှစ်အရွယ်တွင် အသီးများ စတင်ခူးခွတ်ရောင်းချရကြောင်း၊ စတင်ခူးဆွတ်ချိန်၌ တစ်ကြိမ်ခူးဆွတ်ပါက အလုံး ၅၀၀ ခန့် ခူးဆွတ်ရောင်းချရပြီး မိုးရာသီတွင် အသီးများပို၍ ခူးဆွတ်ရောင်းချရကြောင်း သိရသည်။

**(ဝဲပုံ)**

**(၄၈၅)**



## လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တာချီလိတ် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ခရိုင်၊မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းက ဆန်ဆိုင်း(က)ရပ်ကွက်ရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) အဖွဲ့ဝင် ဦးမင်းညိုက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးနေဝင်းက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်သူရက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး မြို့နယ်ရွေးကောက်ပွဲ အရာရှိ ဦးမြတ်ကိုကိုဇော်နှင့် တက်ရောက်လာကြသော ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် အားသာချက်၊အားနည်းချက်များ၊ ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## မိုးရာသီမှာ အကျီမှိုနံ့ကင်းပြီး မွှေးကြိုင်နေစေမယ့် နည်းလမ်းများ

မိုးရာသီမှာ အဝတ်တွေ သေချာမခြောက်တာ၊ ဖားဥစွဲပြီး မှိုနံ့ထွက်တာတွေအတွက်ကြောင့် စိတ်ညစ်ရမယ် ထင်ပါတယ်။ မိုးတွင်းမှာတောင် အဝတ်အစားတွေ မှိုနံ့မထွက်ဘဲ မွှေးပျံ့နေဖို့အတွက် အလွယ်တကူ လုပ်လို့ရတဲ့ နည်းလမ်းတွေကို ဖော်ပြပေးပါမယ်။



(၁) မိုးမိလာလို့ အဝတ်တွေစိုလာတဲ့အခါ ချက်ချင်းမလျှော်ဘဲ အဝတ်လျှော်ခြင်းထဲထည့်ထားမိတဲ့အခါမှာ လျှော်ပြီးပြီဆိုရင်တောင် အဝတ်တွေက အနံ့အသက်မကောင်းဘဲ ကျန်နေတတ်ပြီး မှိုလည်းစွဲတတ်တာကြောင့် မိုးစိုလာတဲ့ အဝတ်တွေကို ချက်ချင်းလျှော်ဖွပ်ဖို့ လိုအပ်ပါတယ်။ လျှော်ဖွပ်ပြီးတဲ့အခါ အဝတ်ပျော့ဆီ (အမွှေးဆီ)နဲ့ စိမ်ထားခြင်းက ပုံမှန်အချိန်တွေမှာ သိပ်မထူးခြားဘူးလို့ ထင်ရပေမယ့် မိုးစိုတဲ့ အဝတ်တွေကို အနံ့ကောင်းစေဖို့တော့ ထိထိရောက်ရောက် ကူညီပေးပါတယ်။ ထိခိုက်ယားယံလွယ်တဲ့ အရေပြားရှိသူတွေဆိုရင် အရည်အသွေးစိတ်ချရတဲ့ အမွှေးဆီကို သင့်တော်တဲ့ပမာဏပဲ အသုံးပြုဖို့ သတိထားပါ။

(၂) ရှာလကာရည်နဲ့ မုန့်ဖုတ်ဆိုဒါကိုရောပြီး အဝတ်တွေကို စိမ်ပေးခြင်းအားဖြင့်လည်း အနံ့ဆိုးတွေကင်းဝေးပြီး အဝတ်တွေ ဖြူဖွေးတောက်ပြောင်နေပါလိမ့်မယ်။ ချွေးစိုတဲ့ အားကစားဝတ်စုံတွေ၊ ရေစုပ်လွယ်တဲ့ တဘက်တွေကိုလည်း မကြာမကြာ လျှော်ဖွပ်ပေးဖို့ လိုအပ်ပါတယ်။

(၃) နေပူလိုက်၊ မိုးရွာလိုက်နဲ့ အိမ်ထဲမှာ စိုထိုင်းထိုင်းလေထုနဲ့ဆို အဝတ်တွေလည်း အေးစက်စိုထိုင်းနေတတ်တာကြောင့် ခြောက်သွေ့ဖို့ဆို အိမ်တွင်းလေထု ခြောက်သွေ့ဖို့က အခြေခံအချက်ပဲ ဖြစ်ပါတယ်။ မိုးတွေဆက်တိုက်ရွာတဲ့နေ့ရက်တွေမှာတောင် အဝတ်တွေ သေချာခြောက်သွေ့ချင်တယ်ဆိုရင် အဝတ်ခြောက်စက်တွေကို အသုံးပြုနိုင်ပါတယ်။ အဝတ်ခြောက်စက်အသုံးမပြုချင်ဘူးဆိုရင်လည်း အဝတ်တွေကို စင်မှာ လှန်းပြီး ပန်ကာနဲ့ မှုတ်ပေးလို့လည်း ရပါတယ်။ သတိပြုရမယ့် အချက်ကတော့ စိုစိစိအဝတ်တွေကို မီးပူတိုက်ပြီး အခြောက်မခံဖို့ပါပဲ။ ဒီလိုပြုလုပ်ခြင်းက အနံ့ဆိုးတွေ မပျောက်တဲ့အပြင် အထည်တွေ အရည်အသွေးကိုပါ ထိခိုက်စေလို့ပါ။

(၄)အဝတ်ဗီရို၊ သေတ္တာ ဒါမှမဟုတ် အဝတ်ထည့်တဲ့ ပုံးတွေက ခြောက်သွေ့သန့်ရှင်းပြီး အနံ့ကင်းနေဖို့ အရေးကြီးပါတယ်။ ဒါမှသာ အဝတ်တွေကို မှိုနံ့မစွဲမှာပါ။ မိုးတွင်းမှာ အဝတ်တွေ မှိုနံ့မစွဲအောင်ဆိုရင် အမွှေးခဲတွေ၊ အမွှေးအိတ်တွေထက် ပရုတ်လုံးက ပိုထိရောက်တယ်ဆိုတာ သတိပြုမိစေချင်ပါတယ်။ အဖြူရောင်နဲ့ အရောင်ဖျော့ အဝတ်တွေ၊ တန်ဖိုးကြီးတဲ့ အထည်တွေကိုတော့ လေလုံတဲ့ ပလတ်စတစ်အိတ်နဲ့ထည့်မယ်ဆို အနံ့အသက်အတွက်ရော မှိုအတွက်ပါ စိတ်ချရမှာပါ။

**Daisy**



## ခံတွင်းနံ့ပြင်းတာကို သက်သာစေမယ့် နည်းလမ်းများ

သွားတိုက်ပေမယ့် ခံတွင်းနံ့နံနေတာဟာ စိတ်ပျက်စရာကောင်းတဲ့ အခြေအနေတစ်ခုဖြစ်ပါတယ်။ ခံတွင်းနံ့ နံနေတာဟာ သွားနဲ့ ခံတွင်းသန့်ရှင်းရေးကို သေချာပြုလုပ်ဖို့လိုအပ်နေတာကြောင့်လည်း ဖြစ်နိုင်သလို အခြားခံတွင်းနှင့် ခန္ဓာကိုယ်အတွင်းပိုင်းဆိုင်ရာ ရောဂါတွေကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ခံတွင်းနံ့ နံနေရင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု လျော့ကျစေတာကြောင့် ခံတွင်းနံ့နံတာကို သက်သာစေမယ့်နည်းလမ်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

### (၁)တစ်နေ့ နှစ်ကြိမ်သွားတိုက်ပါ

သွားကို နံနက်တစ်ကြိမ်၊ ညဘက်တစ်ကြိမ် မဖြစ်မနေတိုက်ပေးဖို့လိုအပ်ပါတယ်။ သွားတိုက်တဲ့အခါမှာလည်း သွားပွတ်တံနဲ့ သွားအပေါ်အောက်ကို ညင်သာစွာပွတ်တိုက်ပြီး သွားအတွင်းပိုင်းအဆုံးထိ သေချာတိုက်ပေးရပါမယ်။ သွားတိုက်တဲ့အခါမှာ တစ်မိနစ်ခန့်ကြာအောင် တိုက်ပေးမှ သွားမှာရှိတဲ့ အညစ်အကြေးတွေပြောင်သွားပြီး သန့်ရှင်းသွားမှာ ဖြစ်ပါတယ်။

### (၂) လျှာကို ပွတ်တိုက်ပါ

သွားပုံမှန်တိုက်ပေမယ့် လျှာကိုတော့ မပွတ်တိုက်ပေးဘူးဆိုရင်တော့ ခံတွင်းနံ့ နံတတ်ပါတယ်။ ခံတွင်းနဲ့ လျှာပေါ်က အညစ်အကြေးတွေနဲ့ ပိုးမွှားတွေက အချိန်ကြာလာတဲ့အခါမှာ ခံတွင်းနံ့ နံစေတာကြောင့် သွားတိုက်တဲ့အခါတိုင်း လျှာကို တစ်နေ့တစ်ကြိမ် သွားပွတ်တံ(သို့မဟုတ်) လျှာပွတ်ကြိုးကို အသုံးပြုပြီး ပွတ်တိုက်ပေးပါ။

### (၃) ခံတွင်းသန့်စင်ဆေးရည်ကို အသုံးပြုပါ

ခံတွင်းသန့်စင်ဆေးရည် အသုံးပြုပေးခြင်းအားဖြင့် ခံတွင်းနံ့နံနေတာကို သက်သာစေတဲ့အပြင် ခံတွင်းကျန်းမာရေးကိုလည်း ကာကွယ်နိုင်တာကြောင့် တစ်နေ့တစ်ကြိမ်အသုံးပြုပေးသင့်ပါတယ်။ အသုံးပြုတဲ့အခါမှာလည်း ဆေးရည်ကို ပါးစပ်ထဲထည့်ပြီး စက္ကန့် ၃၀ လောက်ကြာအောင် ပလုတ်ကျင်းပေးပြီး ထွေးထုတ်လိုက်ပါ။

### (၄) သွားချေးခြစ်ပါ

နေ့စဉ်သွားနှစ်ကြိမ်တိုက်နေရုံနဲ့ သွားမှာကပ်နေတဲ့ သွားကျိုးတွေကို မဖယ်ရှားပေးနိုင်ပါဘူး။ သွားချိုးတွေရှိနေရင်လည်း ခံတွင်းနံ့ နံတာကြောင့် ခြောက်လ တစ်ကြိမ် သွားချိုးခြစ်ပေးဖို့ လိုအပ်ပါတယ်။ သွားချိုး ခြစ်ပေးခြင်းအားဖြင့် ခံတွင်းနံ့ နံတာကို သက်သာစေတဲ့အပြင် သွားကျန်းမာရေးကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။

### (၅) သွားဆရာဝန်နဲ့ ပုံမှန်ပြပါ

သွားနဲ့ခံတွင်းကျန်းမာရေးအတွက် သွားဆရာဝန်တွေနဲ့ ခြောက်လတစ်ကြိမ်ပြပေးပါ။သွားနဲ့ခံတွင်းမှာရှိတဲ့ ရောဂါတွေကို သွားသန့်ရှင်းရေးပြုလုပ်တဲ့အနေနဲ့ သွားဆရာဝန်နဲ့ပြသပေးခြင်းအားဖြင့် သွားနဲ့ခံတွင်း ရောဂါတွေကို ကြိုတင်ကာကွယ်နိုင်ပြီး ရေရှည်မှာ သွားနဲ့ပတ်သက်တဲ့ရောဂါတွေကိုပါ ကာကွယ်ပြီးသား ဖြစ်သွားမှာပါ။

**Daisy**

## ကျောက်ချဉ်ရဲ့ အမျိုးအစားစုံလင် အသုံးဝင်ပုံများ

ကျောက်ချဉ်ကို(Potassium Alum)လို့ ခေါ်ပါတယ်။ စတိုးဆိုင်တွေ၊ ဈေးဆိုင်တွေမှာ အလွယ်တကူ ဝယ်ယူနိုင်ပါတယ်။ ကျောက်ချဉ်ကို ချွေးနံ့ပျောက်စေဖို့ ချိုင်းလိမ်းဆေးအဖြစ် အသုံးများတာ သိကြပြီးသားဖြစ်မှာပါ။ ဒါ့အပြင် ဝက်ခြံကုသရာမှာလည်း ပိုးသေစေဖို့ သုံးနိုင်ပါတယ်။

ဒါ့အပြင် အစားအသောက်ပြင်ဆင်ချက်ပြုတ်ရာမှာလည်း စူးရှရှ အရသာရအောင် သုံးစွဲနိုင်ပါသေးတယ်။ ရေသန့်ရာတွင်လည်း သုံးလို့ရပါတယ်။ မုန့်ဖုတ်ဆိုဒါထဲမှာလည်းပါသလို အဝတ်အစားတွေ ဆေးဆိုးရာမှာလည်း အသုံးပြုနိုင်ပါသေးတယ်။ သားရေထည်ပစ္စည်းများ အရောင်တင်ရာတွင်သာမက ချည်မျှင်နဲ့ အထည်လုပ်ငန်းများတွင် မီးဒဏ်ကာကွယ်တဲ့ပစ္စည်းအနေနဲ့ပါ သုံးကြပါသေးတယ် ။

ဒါ့အပြင် ဆိုဒီယမ်ပါတဲ့ ဆိုဒါကျောက်ချဉ် Soda Alum ကိုတော့ မုန့်ဖုတ်ဆိုဒါအဖြစ် အသုံးများကြပါတယ်။ အလူမီနီယမ် ကျောက်ချဉ် Ammonium Alum ကိုတော့ ချိုင်းချွေးပျောက်ဆေး၊ ရေသန့်ဆေးအနေနဲ့ သုံးသလို အဝတ်အထည်တွေ ဆေးဆိုးရာမှာ၊ စဥ့်အိုးလုပ်ငန်းများ၊ ကော်လုပ်ငန်းများတွင်လည်း တွင်ကျယ်စွာ အသုံးပြုကြပါတယ်။

ခရမ်းရင့်ရောင်ရှိတဲ့ ခရမ်းကျောက်ချဉ် Chrome Alum ကိုတော့ ဆေးဆိုးရာမှာ သုံးပါတယ်။ ဆယ်လီနိတ်ကျောက်ချဉ် Selenate Alum တွေဟာ ပိုးသေစေတဲ့ အစွမ်းရှိတဲ့အတွက် မိန်းမကိုယ်ထဲပိုးဝင်တဲ့အခါ မိန်းမကိုယ် သန့်ဆေးအနေနဲ့ သုံးနိုင်ပါတယ်။ အလူမီနီယမ်ကျောက်ချဉ် Aluminium Alum ကိုတော့ ရေသန့်ရာမှာ သုံးပါတယ်။

**(Credit to Internet)**

**Daisy**



## သဘာဝပတ်ဝန်းကျင်နဲ့ကိုက်ညီပြီး ပြန်လည်အသုံးပြုလို့ရတဲ့ (Eco-Friendly) အိမ်သုံးပစ္စည်းများ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးက တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်လာတဲ့အခါ လူတော်တော်များများက ပတ်ဝန်းကျင်နဲ့လိုက်လျောညီထွေဖြစ်တဲ့ နေထိုင်မှုပုံစံတစ်ခုစီကို ကျင့်သုံးလာကြပါတယ်။ အိမ်သုံးသန့်ရှင်းရေးပစ္စည်းတွေကနေ လျှပ်စစ်စွမ်းအင်သုံးယာဉ်တွေအထိ နေ့စဉ်လူနေမှုဘဝမှာ အသုံးပြုနိုင်တဲ့ Eco-Friendly ဖြစ်တဲ့ ပစ္စည်းပေါင်းများစွာရှိပါတယ်။ အဲ့ဒီထဲက အချို့ကို လေ့လာကြည့်ရအောင်။

စွန့်ပစ်ပစ္စည်းတွေကို လျှော့ချဖို့အတွက် အလွယ်ကူဆုံးနည်းလမ်းတွေထဲက တစ်ခုကတော့ တစ်ခါသုံးအိတ်တွေအစား ပြန်လည် အသုံးပြုနိုင်တဲ့ အိတ်တွေကို သုံးခြင်းပဲဖြစ်ပါတယ်။ စူပါမားကတ်အများစုမှာဆိုရင် Reusable Bag တွေကို ဝယ်လို့ရနိုင်ပြီး ဈေးဝယ်ရင်း တစ်ပါတည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။

FFI Myanmar မှ ကောက်ယူထားတဲ့ စစ်တမ်းတစ်ခုအရ မြန်မာနိုင်ငံမှာ တန် ၁၀၀ ထက်ပိုတဲ့ ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေဟာ သမုဒ္ဒရာတွေထဲကို နေ့စဉ် စွန့်ပစ်ခံနေရပါတယ်။ ပြန်လည်အသုံးပြုနိုင်တဲ့အိတ်တွေကို အသုံးပြုခြင်းအားဖြင့် ပလတ်စတစ်အိတ်တွေနဲ့ ပြည့်နေမယ့် သမုဒ္ဒရာတွေ၊ မဆွေးမြည့်နိုင်တဲ့ ပလတ်စတစ်တွေ မြုပ်နေမယ့် ဖို့မြေတွေ ဖြစ်မလာအောင် ကာကွယ်နိုင်မှာပဲ ဖြစ်ပါတယ်။



စွန့်ပစ်ပစ္စည်းတွေကို လျှော့ချနိုင်မယ့် နောက်ထပ်နည်းလမ်းတွေကတော့ တစ်ခါသုံးပလတ်စတစ်ဘူးခွံတွေနဲ့ အစားအသောက်တွေထည့်မယ့်အစား ဥပမာ- ဖန်ဘူးနဲ့ အအေးထည့်တာမျိုး၊ စတီးချိုင့်တွေနဲ့ အစားအသောက်တွေထည့်တာမျိုး စတဲ့ နည်းလမ်းတွေပဲ ဖြစ်ပါတယ်။ ဒီနည်းလမ်းတွေဟာဆိုရင် ကြာရှည်လည်း အသုံးခံပြီး ထပ်ခါထပ်ခါလည်း ပြန်လည်အသုံးပြုနိုင်မှာပဲဖြစ်ပါတယ်။ ဒါ့အပြင် သူတို့ကို ပြန်လည်အသုံးပြုနိုင်တဲ့အတွက် ရေရှည်မှာ ပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေမှာ မဟုတ်ပါဘူး။

သဘာဝပတ်ဝန်းကျင်အတွက် ပိုမိုကောင်းမွန်တဲ့ အရွေ့တစ်ခုကို ကိုယ်ကိုယ်တိုင်က စတင်နိုင်တာမို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့အတွက် ဒီလို Eco-Friendly ဖြစ်တဲ့ ပစ္စည်းတွေကို အိမ်မှာ အခုပဲ စတင်သုံးစွဲကြည့်ဖို့ တိုက်တွန်းအကြံပြုပါရစေ။ (Credit to Internet)

**Daisy**

## လမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကျင်းပ



**ကလော စက်တင်ဘာ ၂**

သစ်တောဂေဟစနစ်များ တိုးတက်လာနိုင်ရန်၊ ထိန်းသိမ်းနိုင်ရန်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်နှင့် ရာသီဥတု ပြောင်းလဲမှုကို ရင်ဆိုင်တုံ့ပြန်နိုင်ရေး အခန်းကဏ္ဍများတွင် သစ်တောများ စိုက်ပျိုးပြုစု ထိန်းသိမ်းစေရန်အတွက် ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ လွယ်အံ ကျေးရွာအုပ်စု၊ ကျောက်တန်း ကျေးရွာအနီး၊ ကလော-ပင်လောင်းသွားကားလမ်း၊ လမ်းမကြီးဘေး ၀ ဒသမ ၅ ကီလိုမီတာအနီးတွင် ကလောခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ မိုးရာသီ လမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပခဲ့သည်။ **(အပေါ်ဝဲပုံ)**

ရှေးဦးစွာ ကလောခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးမြင့်က သစ်ပင်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် စိုက်ပျိုးမည့် ပျိုးပင်များအား ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများက လမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်စေရေးအတွက် ထင်းရှူး ၂၆၈ ပင်၊ စိန်ပန်းပြာ ၃၁ ပင်နှင့် စိန်ပန်းနီ ၃၁ ပင်၊ စုစုပေါင်း ၃၃၀ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့နေ့

## အတူတကွ ထူ,မ ကြစို့

* မန်းမြို့စည်ပင်
ကြည်လင်မနော ပြုသဘောဆောင်
ထုပြော ကွေ့မရှောင် လှုဘောင်သစ်မျှော်မှန်း
လမ်းကြိုလမ်းကြား
လမ်းအိုတံတား စွမ်းအားမြှင့်ပြင်
သွင်ပြင်မြင်ဆန်း ဘဝင်စိတ်ရွှင်လန်း ။

* သင်္ဂဇာချောင်း
ရွှေတချောင်းနှင့် မြောင်းမှန်သမျှ
မကောင်းမကျန်ရ မြန်စွပြုပြင်
ရေလျှည်သွင်မရပ် ခွေပတ်လို့ရစ်၊
စနစ်သစ်ထွင်
စည်ပင်က ထူ,မ ပြည်သူကြည်ဖြူ
ကူကြဖို့ရေး တွေးစိတ်မှန်လျှင်
မြန်မြန်ဆန်ဆန် နက်ဖြန် လှုဘောင်သစ်။ ။

**ဝင်းမောင်(မန်း)**

## မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ကျင်းပ

**မန္တလေး စက်တင်ဘာ ၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၁ ရက်က ရတနာဘုမ္မိအနောက်ရပ်ကွက် ဒဟတ္တောဗိမာန်တော်၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းခိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးရဲမင်းလွင်က မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် သုံးစွဲပုံအဆင့်ဆင့်များကို ရှင်းလင်းပြောကြားပြီးနောက် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အီလက်ထရောနစ်မဲပေးစက်များ တပ်ဆင်ပုံ၊ မဲပေးချိန်နှင့် မဲရေတွက်ချိန်တို့တွင် ထိန်းချုပ်စက်ကိုင်တွယ်အသုံးပြုပုံနည်းစနစ်များကို ရှင်းလင်းပြသရာ တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ကိုယ်တိုင်စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(၀၅၆)**





## ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

**ကျွန်းလှ စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။

ကျွန်းလှမြို့ပေါ်ရှိ မွေးစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၌လည်းကောင်း၊ ကျေးရွာများရှိ ကလေးငယ်များအား မြို့နယ်ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တာဝန်ရှိသူများက ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ထိုးနှံတိုက်ကျွေးပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သက်ကြီးဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၄၈၀)**

စာပေမြင့်မှ လူမျိုးတင့်မည်။




## Box Culvert ကွန်ကရစ်တံတားတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဌာန၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြို့ပြဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရန် ပွင့်ဖြူမြို့ အင်ကြင်းလမ်းနှင့် ပိတောက်လမ်းဆုံနေရာတွင် Box Culvert ကွန်ကရစ်တံတား တည်ဆောက်လျက်ရှိရာ စက်တင်ဘာ ၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက မြို့ပြဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေစေရန်အတွက် ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် ဌာနခွင့်ပြု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၇ ဒသမ ၁၀သန်းဖြင့် ပွင့်ဖြူမြို့ အင်ကြင်းလမ်းနှင့် ပိတောက်လမ်းဆုံနေရာတွင် အရှည် ၂၂ပေ၊ အကျယ် ခြောက်ပေ၊ အနက် လေးပေ ကိုးလက်မ Box Culvert ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်း အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အချိန်မီတည်ဆောက်ပြီးစီးနိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ Box Culvert ကွန်ကရစ်တံတား တည်ဆောက်ပေးခြင်းကြောင့် မိုးတွင်းကာလတွင် ရေကြီးရေလျှံမှုများ လျော့နည်းစေခြင်း၊မြို့ပြသန့်ရှင်းသာယာလှပစေခြင်း၊ ပြည်သူများအတွက် အဆင်ပြေစွာ သွားလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

**(၄၄၅)**

## သမိုင်းဝင် အိမ်တော်ရာစေတီတော်တွင် ကြေးပြားခံရွှေသင်္ကန်းများ ဆက်ကပ်ပူဇော်၍ ဗုဒ္ဓါဘိသေက မင်္ဂလာနှင့် ရေစက်ချလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်အတွင်း၌ တည်ရှိသည့် ငလျင်ဒဏ်ကြောင့် ယိုယွင်းပျက်စီးမှုရှိခဲ့သော သမိုင်းဝင်မဟာလောကရံသီ အိမ်တော်ရာ စေတီတော်မြတ်ကြီးအား ကြေးပြားခံရွှေသင်္ကန်းတော်များ ဆက်ကပ်ပူဇော်၍ ဗုဒ္ဓါဘိသေက မင်္ဂလာနှင့် ရေစက်ချအလှူတော်ကို ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီက မဟာလောကရံသီအိမ်တော်ရာစေတီတော်အတွင်းရှိ ရတနာဃရ (၁၄)ခန်းမွေ့ဗိမာန်တော်တွင် ကျင်းပခဲ့သည်။




အဆိုပါ ကြေးပြားခံရွှေသင်္ကန်းများ ဆက်ကပ်ပူဇော်ရာ၌ နိုင်ငံတော်ဩဝါဒါစရိယ မိုးကောင်းတိုက် ဇယဝတီကျောင်းဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သုဇာနာတိဝံသအား အမှူးထား၍ မန္တလေး၊ ဖခင်ကြီး ဦးတင်ထွန်းအား ရည်စူး၍ မိခင်ကြီး ဒေါ်အန်းကူတို့ကို အမှူးထားလျက် (သမီး)ဒေါ်အေးအေးထွန်း၊ ဒေါက်တာ မိုးမိုးထွန်း၊ (မြေး) ဒေါက်တာသက်ထားဆွေ၊ (တူ)ကိုမိုးဇော်ထွန်း မိုးသောက်နှင်းကုမ္ပဏီလီမိတက် မိသားစုတို့က ရွှေသင်္ကန်းအလှူတော် ငွေကျပ်သိန်း ၁၀၀)၊ AAA ချည်သင်္ကန်း ၁၈ စုံအတွက် ငွေကျပ် ၂၈၈၀၀၀၀၊ ရေစက်ချ ဆရာတော်အတွက် လှူဖွယ်ခြင်း ငွေကျပ် ၅၀၀၀၀၀၊ ဩဝါဒါစရိယဆရာတော် ၁၈ ပါးအတွက် တစ်ပါးလျှင် ငွေကျပ် တစ်သိန်းစီ၊ စုစုပေါင်းငွေကျပ် ၁၈၀၀၀၀၀၊ ကိုယ်ပတ်သင်္ကန်း ၁၈ စုံအတွက် ငွေကျပ် ၄၅၀၀၀၀၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာခဲ ၁၈ စုံ တို့အတွက် ငွေကျပ် ၃၇၀၀၀၀၊ နေ့ဆွမ်းနှင့် ဧည့်ခံကျွေးမွေးခြင်းအတွက် ငွေကျပ် ၃၀၀၀၀၀၀၊ စုစုပေါင်း ငွေကျပ် သိန်း ၁၉၀ကို လှူဒါန်းခဲ့ရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့သည်။ (ဝဲပုံ)

သမိုင်းဝင် မဟာလောကရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီးအတွင်းရှိ ငလျင်ဒဏ်ကြောင့် ယိုယွင်းပျက်စီးမှုရှိခဲ့သော သာသနိကအဆောက်အအုံများ ပြုပြင်မှုတွင် မိမိတတ်စွမ်းသလောက် ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်ထားပြီး ဘုရားဖူးလိုသူများအနေဖြင့်လည်း လာရောက်ဖူးမြော်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၁)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ဆင္ဍမအကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူ

**ပင်းတယ စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ မြို့နယ်ဓမ္မာရုံ၌ ယမန်နေ့ နံနက် အရုဏ်တက်ချိန်က မြို့ပေါ်ဘုန်းတော်ကြီးကျောင်းတိုက် ၂၂ ကျောင်းမှ သံဃာတော်အပါး ၃၈၈ ပါးအား အရုဏ်ဆွမ်း လောင်းလှူခဲ့ကြသည်။

အဆိုပါ သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူနိုင်ရန် မြို့နယ်ဝါတွင်း ကာလအဖိတ်နေ့ သံဃာ့ဒါနဆွမ်းလောင်းအသင်း၏ ဆင္ဍမအကြိမ်မြောက် ဆွမ်းအလှူရှင် ပင်းတယမြို့ ဦးနိုင်နိုင်+(ဇနီး)ဒေါ်စိုးယုယုကြည် မိသားစု၊ နီလာရိုးမစက်သုံးဆီဆိုင် ဝန်ထမ်းမိသားစုနှင့် ယာဉ်မောင်းမိသားစုတို့ စုပေါင်း၍ လှူဒါန်းသော အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများမှာ ငါးရံ့ခြောက်ဟင်း၊ ပဲပြင်းစေ့သခွားသီးဟင်းရည်၊ သရက်ချဉ်သုပ်၊ ငါးညှပ်ငရုတ်သီးကြော်စသည့် ဟင်းလျာများဖြင့် လောင်းလှူခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၃၃၈)**

ဝ-ဝ-ဝ-ဝ-ဝ

## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်ပိုင်းက ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊B.A)ထံမှ ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချတရား နာယူကြည်ညိုကြပြီး ဦးကျော်ဟိုး၊ ဒေါ်ကြင်ဂုါ တို့အားရည်စူး၍ မန္တလေးမြို့၊ မဟာမြိုင်(၁)၊ ၄၃လမ်းနှင့်၆၅လမ်းထောင့်နေ ဦးခင်မောင်ချို+ဒေါက်တာဉမ္မာ၊ (သား)မောင်အောင်ခန့်ငြား၊ မောင်အောင်ကျော်စွာ သား၊ သမီးတစ်စု(KMC ကိုယ်ပိုင်အထက်တန်းကျောင်း)တို့က ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၄၀၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် ၁၀ သိန်း၊ စုစုပေါင်း ငွေကျပ် သိန်း၅၀ ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းနှင့် အဖွဲ့ဝင် ဦးမြင့်စိန်တို့က လက်ခံရယူခဲ့ကြသည်။




ထို့နောက် အဆိုပါအလှူရှင်မိသားစုတို့က ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**(အောက်ပုံ)**

**PNT**

## (၃၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် BBOA အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၃၄)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကျင်းပနိုင်ရေးအတွက် အစည်းအဝေးနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၃၅လမ်းနှင့် ၅၅လမ်းထောင့်ရှိ အကယ်ဒမီလက်ဖက်ရည်ဆိုင်တွင် ကျင်းပသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးမောင်ကို+ဒေါ်ရွှေဥ မိသားစုက အလှူငွေကျပ်ငါးသိန်း၊ ဦးဇင်မင်းကို+ဒေါ်ဖွေးဖွေးအောင် မိသားစုက အလှူငွေကျပ်ငါးသိန်း၊ ဦးကိုကိုအောင်(မန်နေဂျာ)(သိန်းထိုက်မင်း ကုမ္ပဏီ)+ဒေါ်လွင်လွင်ဦး မိသားစုက အလှူငွေကျပ်သုံးသိန်း၊ ဦးနိုင်စိုး+ဒေါ်ခင်မာဝင်း မိသားစုက အလှူငွေကျပ် သုံးသိန်း၊ ဦးမျိုးအောင်+ဒေါ်မြတ်စိမ်းမှုံ မိသားစုက အလှူငွေကျပ်နှစ်သိန်း၊ ဦးတင်စိုး+ဒေါ်ခင်မျိုးဝင်း မိသားစုက အလှူငွေကျပ်တစ်သိန်း၊ ဦးထွန်းထွန်းလတ်+ဒေါ်နွယ်နီဝင်း မိသားစုက အလှူငွေကျပ် တစ်သိန်း၊ ဦးတင်မောင်ရီ+ပါမောက္ခ ဒေါ်တင်တင်ဝင်း(တိုင်းရင်းဆေး) မိသားစုက အလှူငွေကျပ်တစ်သိန်း၊ ဦးမောင်မောင်ဦး+ ဒေါ်အေးအေးသန်း မိသားစုက အလှူငွေကျပ် တစ်သိန်း၊ ဒေါ်မြင့်မြင့်ဝေ(လေးကောင်းရပ်)မိသားစုက အလှူငွေကျပ်တစ်သိန်း၊ ဒေါ်တင့်တင့်ဝင်း(အောင်တော်မူပန်းဆိုင်) မိသားစုတို့က အလှူငွေကျပ် တစ်သိန်းတစ်သောင်း၊ ဒေါ်ခင်ဝင်း(သစ်ဆန်းမွေ့ရာ)မိသားစုက အလှူငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ ကော်မတီဝင်များက လက်ခံရယူကြသည်။ **(အောက်ဝဲပုံ)**



(၃၄)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၇ ရက်တွင် BBOA အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းဟောင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ကျောင်းဟောင်းတွင် စာသင်ကြားပို့ချခဲ့သော အငြိမ်းစားဆရာကြီး၊ဆရာမကြီးများ ပူဇော်ပွဲတွင်ကျန်ရှိပါက ကော်မတီထံ စာရင်းပေးသွင်းနိုင်ရန်နှင့် အထက(၅)ကျောင်းသစ်တွင် အသက်(၆၂)နှစ်နှင့်အထက် တစ်ဆက်တည်း ငါးနှစ်အထိ သင်ကြားပြသခဲ့သော ဆရာကြီး၊ ဆရာမကြီးများကို ထပ်တိုးကန်တော့ကြမည်ဖြစ်ကြောင်း သိရသည်။

**မန္တလေးနေ့စဉ်(၃)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## တရုတ်အမျိုးသမီးအသင်း စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၂**

ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့က ဦးစီး၍ မန္တလေးမြို့၊ တရုတ်အမျိုးသမီးအသင်းက (၁၂)ကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၆ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ပေါ်ရှိ အဆိုပါ ဘုရားကျောင်းရှေ့တွင် ပြုလုပ်ကြသည်။



ဘုံဆွမ်းလောင်းလှူရာတွင် မိုးကောင်းကျောင်းတိုက်မှ သံဃာတော်အပါး ၂၅၀တို့အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့်အတူ မန္တလေး၊ တရုတ်အမျိုးသမီးအသင်းက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။

(ဝဲပုံ)(၀၉၃)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

**မီးမရှို့၊ မြေမမြှုပ်၊ စက္ကူတွေကို ဒါနလုပ် ။**

# ကျေးဇူးအနန္တ ကြောင်ပန်းပထမ

### ထေရဝါဒနိုင်ငံ

ပထမမြန်မာနိုင်ငံတည် အနော်ရထာမင်းစောလက်ထက် ရဟန္တာရှင်အရဟံ၏ အဆုံးအမဖြင့် ဗုဒ္ဓသာသနာ ထွန်းပြောင်စေခဲ့သည်။ ပိဋကတ်သုံးပုံနှင့်တကွ မြတ်စွာဘုရားရှင်၏ စွယ်တော်မြတ်အစစ်ကိုလည်းကောင်း သရီရဓာတ်တော်၊ မွေတော်တို့ကိုလည်းကောင်း ဖူးမြော်ဦးခိုက်ခွင့်ရခဲ့သည်။ ထိုမှတစ်ဖန် ဗုဒ္ဓသာသနာသည် တဖြည်းဖြည်း နေလိုလလိုထွန်းပခဲ့ပြီး ထေရဝါဒနိုင်ငံတော်အဖြစ် ရပ်တည်နိုင်ခဲ့သည်။ ၁၂၃၂ ခုနှစ်၊ ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းကြီး လက်ထက်တွင် ပိဋကတ်သုံးပုံကို ကမ္ဘာ့အကြီးဆုံးစာအုပ်အဖြစ် ကျောက်ထက်အက္ခရာ တင်နိုင်ခဲ့သည်။ စာမျက်နှာပေါင်း ၇၂၉ မျက်နှာရှိသည်။ ၂၀၁၃ ခုနှစ်၊ မေ ၈ ရက်တွင် ကမ္ဘာ့အမွေအနှစ်အဖြစ် ကမ္ဘည်းကျောက်စာစိုက်ထူခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ၁၃၁၆ ခုနှစ် ဝန်ကြီးချုပ်ဦးနုလက်ထက်တွင် နိုင်ငံပေါင်းစုံမှ ထေရဝါဒဆရာတော်ကြီးများကို ပင့်ဆောင်၍ ရန်ကုန်မြို့က မဟာပါသာဏလိုဏ်ဂူတော်တွင် ခမ်းနားစွာကျင်းပနိုင်ခဲ့သည်မှာ မြန်မာနိုင်ငံအတွက် ဂုဏ်ယူဝမ်းမြောက်စရာဖြစ်ရသည်။

### ဗုဒ္ဓဘာသာအထွန်းကားဆုံးနိုင်ငံ

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံဖြစ်သည်နှင့် ဗုဒ္ဓ၏ကျမ်းစာများ၊ ဗုဒ္ဓ၏အဆုံးအမသြဝါဒများ မကွယ်ပျောက်သရွေ့ ထေရဝါဒသာသနာ ထွန်းကားလျက်ရှိနေမည် ဖြစ်သည်။ ဗုဒ္ဓအလိုကျ နည်းလမ်းအတိုင်း ကျင့်ကြံအားထုတ်ပါလျှင် ရဟန်းကိစ္စပြီးမြောက်၍ ဈာန်အဘိညာဉ်ရ အရိယာသူတော်ကောင်းကြီးများ ပွင့်ထွန်းပေါ်ပေါက်ရာ နိုင်ငံအဖြစ် ကမ္ဘာ့အလယ်ရပ်တည်လျက်ရှိနေပေသည်။

### ထူးခြားသည့် အရိယာသူတော်ကောင်းများ

မြန်မာနိုင်ငံတွင် ခေတ်အလိုက် အရိယာသူတော်ကောင်းများ ပေါ်ထွန်းခဲ့သည်။ ၎င်းတို့အနက် လက်လှမ်းမီသည့် မြန်မာ့တဘောင်ဆိုရိုးအတိုင်း တစ်စိတ်တစ်ပိုင်းအဖြစ် ဖော်ပြရသော်···

* အင်းခန်းတော့ · · · လယ်တီ။
* လယ်တီတော့ · · · ၄က်ကျ။
* ၄က်ကျတော့ · · · ကြောင်ခုတ်။
* ကြောင်ခုတ်တော့ · · · ထွန်ဆင်း ဟူ၍ တဘောင်

တစ်ခုပေါ်ခဲ့သည်။ ပထမဆုံး အင်ခန်းဆရာတော် ပေါ်ထွန်းခဲ့သည်။ ဒုတိယ လယ်တီဆရာတော်ဖြစ်သည်။ ထို့နောက် ၄က်ကျတောင်ဆရာတော်(ခေါ်)၄က်တွင်းဆရာတော်၊ ပြီးနောက် ကြောင်ပန်းတောရဆရာတော်၊ နောက်ဆုံး ထွန်းဆင်းဆရာတော်(ခေါ်)စွန်းလွန်းဆရာတော် ဟူ၍ လူသိများ ကျော်ကြားခဲ့သည်။

### ကြောင်ပန်းအမည်တွင်ခဲ့သည်

လယ်တီဆရာတော်ကြီး၏ အန္တေဝါသိက တပည့်ရင်းဖြစ်သည့် ပထမကြောင်ပန်းဆရာတော်ကြီး၏ နောက်တွင် ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ၊ ဆဋ္ဌမ၊ သတ္တမမြောက် ကြောင်ပန်းဆရာတော်အထိ မြတ်စွာဘုရား၏ သာသနာတော်ကို ဆင့်ကာဆင့်ကာ ဆက်ခံထိန်းသိမ်းလာကြသည်မှာ အံ့သြဖွယ်ရာ လေးစားကြည်ညိုစရာ ဖြစ်သည်။

ပထမကြောင်ပန်း ဆရာတော်ကြီး အရှင်ဣန္ဒကသည် ၁၂၇၄ ခုနှစ်တွင် ဘုတလင်မြို့ ကြောင်ပန်းတောရတိုက်ကြီးကို တည်ထောင်တော်မူသည်။ ဆရာတော်ကြီး ဟောကြားသော တရားတော်များကို ကြားနာရသဖြင့် နတ်လူအများ သံဝေဂရကြသည်။ ဆရာတော်ကြီးက···

မှန်မှား သိမှ၊ မှတ်ရာသည်။ ကြံ့အားရှိမှ၊ တတ်ရာသည်။ ဉာဏ်သွားရှိမှ၊ မြတ်ရာသည်။

မစပ်မယှဉ်၊ အဖတ်တင်၊ ငြိုငြင်တတ်လှသည် ဟူ၍ မိန့်ဆိုတော်မူသည်။

ကြောင်ပန်းတောရ ဆရာတော်ကြီး၏ မဟာမြိုင်တောထဲ၌ ၁၂ နှစ်ကြာ နေထိုင်ကျင့်ကြံခဲ့စဉ် အနှောင့်အယှက်ကင်းမဲ့ပြီး ဆွမ်းအတွက် ဝန်မလေးခြင်း၊ သားရဲတိရစ္ဆာန်များကြား နေထိုင်ကျင့်ကြံခဲ့ခြင်း၊ တောင်ထဲရှိ ဝိဇ္ဇာခိုရ်ကြီးကတောင် အဖျားအနာကင်းဆေး လာရောက်ကပ်လှူပူဇော်ခံရခြင်း စသည်တို့မှာ သီလသမာဓိရှိသော အရိယာသူတော်ကောင်းကြီးတို့၏ အံ့ချီးဖွယ်၊ အတုယူဖွယ်ဖြစ်သည်။ ဆရာတော်ကြီး၏ ဒုလ္လဘခရီးစဉ်ကို ဖတ်ရှုရခြင်းဖြင့် သိရသည်မှာ သီလရှိသော သီလနှင့်ပြည့်စုံသောသူသည်···

၁။ မမေ့မလျော့ မပေါ့တန်သောကြောင့် စည်းစိမ်ဥစ္စာ စုနိုင်ရာ၏။
၂။ ကောင်းသော ကျော်စောသတင်း ပျံ့နှံ့တတ်၏။
၃။ ရဲရဲရင့်ရင့် ကြောက်ရွံ့ခြင်းကင်း၍ ကျက်သရေရှိ၏။
၄။ မတွေမဝေကြည်လင်စွာ ကောင်းမှုကုသိုလ်မြင်ရ၍ သေ၏။
၅။ ကောင်းမှုကုသိုလ်ကြောင့် နတ်ပြည်လားရ၏" စသော ငါးပါးသော အကျိုးထူးကို ရရှိအပ်သည် ဟူ၍ ဖြစ်ပါသည်။

ပထမကြောင်ပန်းဆရာတော်ကြီး၏ ကျမ်းဂန်များမှာလည်း တိကျပြတ်သား၍ ဒေသနာယုတ္တိ၊ အာဂမယုတ္တိ၊ သဘာဝယုတ္တိ၊ ပစ္စက္ခယုတ္တိ၊ အာစရိယဝါဒတို့ဖြင့် အထပ်ထပ်အဖန်ဖန် စိစစ်ပြီးမှ ရေးသားလေ့ရှိကြောင်း ရဟန်း၊ လူပညာရှိများ ဆိုမိန့်ကြသည်။ ဝိပဿနာအမြင်သည် ဝိပဿနာအလုပ်ကို ကိုယ်တိုင်အားထုတ်၍ ကိုယ်တိုင်ပြင်မှသာ ယုံကြည်နိုင်ကြောင်း၊ နေရာတိုင်း မကိုက်ညီကြောင်း ဆရာတော်နှုတ်မှ အမြဲဆိုလေ့ရှိသည်။

ဆရာတော်ကြီး ရေးသားတော်မူခဲ့သော ထင်ရှားသည့်ကျမ်းစာများမှာ···

| | | |
|---|---|---|
| ၁။ | ဝိဝဋ္ဋဒီပနီကျမ်း | (၁၂၇၁) |
| ၂။ | ဝိပဿနာဒီပနီကျမ်း | (၁၂၇၂) |
| ၃။ | သဘာဝဒီပနီကျမ်း | (၁၂၇၃) |
| ၄။ | သုံးလောကဒီပနီကျမ်း | (၁၂၇၈) |
| ၅။ | ရတနာဒီပနီကျမ်း | (၁၂၇၉) |
| ၆။ | ကြောင်ပန်း ဟောစဉ်ကျမ်း | (၁၂၈၇)တို့ ဖြစ်ကြသည်။ |

ဤကျမ်းစာများကို ကြည့်ခြင်းအားဖြင့် ဆရာတော်ကြီး၏သီလ၊ သမာဓိ၊ ပညာ မည်ရွေ့မည်မျှ ကြီးမားကြောင်း သိသာထင်ရှားလှသည်။

ဆရာတော်ကြီးနှင့်နီးစပ်ရာ ဒကာ၊ ဒကာမများ၏ ငွေအားလူအားဖြင့် လယ်တီကြောင်ပန်း ရဟန္တာကျောက်တိုင်စိုက်ထူ၍ ကျောက်တိုင်၏တောင်ဘက်မျက်နှာစာတွင် အဆိုပါကျမ်းစာအမည်များကို ရေးသား၍ "ခြောက်စောင်သာသနာ၊ ထွန်းတောက်ဖြာ၊ ကမ္ဘာနေသို့ လင်းစေသော်ဝ်" ဟု ရေးထိုးထားရှိသည်။

ဆရာတော်ကြီးအား အမှတ်ရသောအားဖြင့် ဘုရားရှင်၏ မွေတော်၊ ဓာတ်တော်၊ ရပ်ပွားဆင်းတုတော်တို့နှင့်တကွ ဆရာတော်ကြီး၏ အရိုးဓာတ်တော်များကို ဌာပနာ၍ ဣန္ဒကစေတီတော် ဟူသော အမည်ဖြင့် ကြောင်ပန်းတိုက်တော်ကြီး၏ တောင်ဘက်တွင် အုတ်တံတိုင်းများ ဝန်းရံ၍ တည်ထားကိုးကွယ်ခဲ့ကြသည်။ ဆရာတော်ကြီး ရေးသားတော်မူသော ကျမ်းခြောက်စောင်တို့ကိုလည်း ကျောက်ထက်အက္ခရာတင်၍ ထိုစေတီတော်ဝင်းအတွင်း စေတီတော်၏ အရှေ့ဘက်တွင် ကျောက်စာတိုက်ကြီး ပြုလုပ်ကိုးကွယ်ခဲ့ကြသည်။

ဆရာတော်ကြီး၏ နောက်ကြောင်းအစ ပြန်ကောက်ရသော် ကြောင်ပန်းဆရာတော် လောင်းလျာကို ကောဇာသက္ကရာဇ် ၁၂၂၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၀နာရီတွင် ဖွားမြင်တော်မူခဲ့သည်။

ဆန်း ၁ ရက်မှာ ဖွားမြင်လာ ရပ်မှာဆိုးမယ့်သား။ ၂ ရက်ဖွားက ငယ်ဒုက္ခကြီးမှ ချမ်းသာရ၊ ၃-ရက် ရဟန်း။ ၄ ခန်းပေါ်ကြွယ် ၅ ဝယ်ပဒေသာ၊ ၆ မှာ ချမ်းမြ။ သတ္တသူတော် ၈ ရက်ပေါ် တောပျော်ထွက်တတ်စွ၊ ဆိုသည်နှင့်အညီ လဆန်း (၃)ရက်ဖွားဖြစ်သော ဆရာတော်သည် ဧကန်ရဟန်းအကျော်ဖြစ်ရသည်။ ဖွားရက်အလိုက် ဆိုသောစာနှင့်ညီပါပေသည်။

၁၂၆၅ ခုနှစ်မှစ၍ ကြောင်ပန်းတောရတိုက်ကြီးတွင် သီတင်းသုံးတော်မူပြီး ပဋိပတ္တိသာသနာတော်ကြီးကို ထမ်းဆောင်တော်မူခဲ့သည်။ ၂၄ နှစ်တာကာလ သာသနာတော်ကြီးကို စွမ်းစွမ်းတမံ ဆင်းရဲပင်ပန်းခံကာ ဝေနေယျသတ္တဝါအပေါင်းကို တရားပြရင်း သာသနာပြုခဲ့ရာ ၁၂၈၈ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက် နံနက်ပိုင်း ၃ နာရီတွင် စုတိပရိနိဗ္ဗာန်ဝင်ခဲ့သည်။

ကြောင်ပန်းဆရာတော်ကြီးသည် လောကီလူသားများကို



ကျေးဇူးရှင် ပထမကြောင်ပန်း ဆရာတော်ကြီး

စံနမူနာအဖြစ် ပြသခဲ့သည်။ လူဝတ်ကြောင် လူငယ်ဘဝတွင် အပျော်အပါး စိတ်မဝင်စားဘဲ ရှောင်ကြဉ်ခဲ့သည်။ မိဘက အိမ်ထောင်ချပေးသော်လည်း ငြင်းပယ်ခဲ့သည်။ လူတို့၏ ဘဝဆင်းရဲမှု အဖုံဖုံကို မြင်တွေ့၍ သံဝေဂရခဲ့သည်။ လယ်တီဆရာတော်ကြီးအား ကြည်ညိုလွန်း၍ တပည့်ခံခဲ့သည်။ ကိုရင်ကြီးဝတ်သည်။ အသက် ၂၀ ပြည့်သောအခါ ရဟန်းခံသည်။ ရဟန်းဘဝလက်တွေ့ကျင့်သုံးဆောက်တည်ရာတွင် ကျွမ်းကျင်အောင်ကြိုးစားခြင်း၊ လိုသမျှပြည့်စုံစေခြင်းဆိုသည့် "သမ္ပတ္တိ" တရားနှင့်အညီ နေထိုင်ခဲ့သည်။

"သမ္ပတ္တိ" တရားလေးပါးရှိသည် · · ·

၁။ သူတော်ကောင်းနှင့် ပေါင်းသင်းခြင်း။ (သပ္ပုရိသသံသေဝ)
၂။ အရပ်ကောင်းမှာ နေထိုင်ခြင်း။ (ပဋိရူပ)
၃။ ကောင်းတာတွေကို ကြိုတင်ပြုလုပ်ခြင်း။ (ပုဗ္ဗေစ)
၄။ လိမ်လိမ်မာမာနေထိုင်ခြင်း။ (အတ္တသမ္မာ) စသည်တို့ပင် ဖြစ်သည်။

ဆရာတော်ကြီးသည် လောကီနယ်ပယ်၊ လောကုတ္တရာနယ်ပယ်တွင် "သမ္ပတ္တိ" တရားနှင့် ညီညွတ်အောင် မိမိလည်းနေထိုင်၊ မိမိ၏ ဒကာ၊ ဒကာမများကိုလည်း ကြိုးစားနေထိုင်အောင် အမြဲဆိုဆုံးမခဲ့သည်။ ဆရာတော်ကြီးကျေးဇူးကြောင့် အများပြည်သူ စိတ်အေးချမ်းသာယာစွာ ဘဝကို တည်ဆောက်နိုင်လာကြသည်။ စိတ်နေမြင့်၍ လူရည်လည်းတင်လာကြသည်။ မိမိ၏လူ့ဘဝနေရသည့် အချိန်လေးတွင် အချည်းနှီးမဖြစ်စေဘဲ အကျိုးရှိစွာနေတတ်ဖို့ သတိပြုလာရသည်။

တစ်နေ့တွင် ဒကာတစ်ယောက်သည် ထူးဆန်းသော အိပ်မက်အရ ဆရာတော် ဦးဣန္ဒကအား တွေ့မြင်ပြီး သူပိုင်ဆိုင်သော တောမြေများကို လှူဒါန်းလိုက်သည်။ ဆရာတော်သည် သဘောကျနှစ်ခြိုက်၍ ၎င်းတောမြေထဲရှိ ကြောင်ပန်းချုံကြီးအောက်တွင် သီတင်းသုံးနေတော်မူသည်။ လယ်ပိုင်မြေဒကာကြီးက ကျောင်း၊ ကန်၊ ရေတွင်းများ ဆောက်လုပ်၍ လှူဒါန်းပြန်သည်။ ဆရာတော် သီတင်းသုံးသော ကုန်းမြေသည် ကြောင်ပန်းပင်များ ပေါများသဖြင့် ကြောင်ပန်းကုန်းဟု အမည်တွင်သည်။ နောင်သော် ဆရာတော်ကြီး ဦးဣန္ဒကလည်း ကြောင်ပန်းဘုန်းကြီး၊ ကြောင်ပန်းဆရာတော်ဟု အမည်တွင်လာပါတော့သည်။

ပထမကြောင်ပန်းဆရာတော်ကြီး ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် အဆင့်ဆင့်ကြောင်ပန်းတစ်ခေတ်ကို ဆက်ခံထူထောင်လာကြသည်မှာ သတ္တမမြောက်ဆရာတော်အထိပင်ဖြစ်သည်။ ယနေ့အထိ ပထမကြောင်ပန်းဆရာတော်ကြီးကို ကျေးဇူးတင် မေ့ပျောက်၍မဆုံးနိုင်အောင် ဖြစ်ရသည်။ ပထမမူလ ကျေးဇူးအထူးတင်ထိုက်သော ဆရာတော်ကြီးဖြစ်သောကြောင့်ပင် မဟုတ်ပါလား ·····။

မေတ္တာရှေးရှု၍သာ·····

**သောင်းမြင့်ဇော်**
**(သုံးဆယ်မြေ)**

### ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၈၈)၊ ဦးပိုင်အမှတ်(၁၁-ပ/၁၅/၁)၊ ၃၅လမ်းနှင့် ၃၆လမ်းကြား၊ ၈၇လမ်းနှင့် ၈၈လမ်းကြားရှိ ဦးမောင်ကို၊ ဒေါ်စိန်လှ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၈၁၅/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဦးတင်ဝင်း၊ ဒေါ်ခင်သီတာ၊ ဒေါ်ကြည်ဌေး၊ ဒေါ်ခင်သက်ဝါ၊ ဒေါ်ခင်သက်မာ၊ ဦးအောင်ကျော်မိုးတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၁၀၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန်းစန်းအောင်(၁/ကမန(နိုင်)၀၆၅၆၁၃)က အမှုတွဲအမှတ်(၀၂၈၃/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၈၉)၊ ဦးပိုင်အမှတ်(၆-ခ)၊ ၈၅လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြားရှိ ဒေါ်အုံးလှ(သမီး)မလေးဝါ(ခ)ခင်သန်းနွယ်၊ မလေးကျင်(ခ)သန်းသန်း၊ မလေးလင်း(ခ)ဝင်းမေ၊ မောင်ဟုတ်(ခ)အောင်မြင့်၊ မလေးအိ(ခ)လှလှဝင်း တို့ ၆ ဦးအမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးတယ်ဟန်စိန်၊ မိခင် ဒေါ်အုံးလှ၊ သမီး ဒေါ်လေးကျင်(ခ)သန်းသန်း(ခ)တယ်လေးကျင်(အမျိုးဘ၀)၊ သမီး ဒေါ်လှလှဝင်း(ခ)လေးဘိ(ခ) လေးအိ(အမျိုးဘ၀)၊ သား ဦးအောင်မြင့်(ခ)ဦးဟုတ်နှင့် ဇနီး ဒေါ်တင်တင်ဝင်း(ခ)ရွှေတင်းတို့ကွယ်လွန်၍ ကျန်ရစ်သူ သမီး၊ မြေးများဖြစ်ကြသော ဒေါ်ခင်သန်းနွယ်(ခ)ဒေါ်လေးဝါ(ခ)တယ်လီဟွာ(၉/မရမ(နိုင်)၀၈၁၁၂၉)၊ ဒေါ်ဝင်းမေ(ခ)လေးလင်း(၉/မရမ(နိုင်)၀၂၇၉၁၇)၊ ဦးဝင်းထွန်းထွန်းအောင်(၉/မရမ(နိုင်)၀၀၃၉၉၉)၊ ဦးနိုင်လင်းလင်းအောင်(၉/မရမ(နိုင်)၀၈၃၃၂၉)၊ ဒေါ်အေးငြိမ်းခင်(၉/ခအစ(နိုင်)၀၀၀၅၀၈)တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၅)၊ ဦးပိုင်အမှတ်(၅၁)၊ လမ်း၄၀နှင့် ၄၁လမ်းကြား၊ ၅၃လမ်းနှင့် ၅၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးနိုင်(၅/စကန(နိုင်)၀၆၂၇၁၅)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၄၃၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးဟိန်းထက်အောင်(၉/မဟမ(နိုင်)၀၃၅၅၄၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၃၈)၊ ဦးပိုင်အမှတ်(၂၄-က+၂၅-စ)၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ၈၃လမ်းနှင့် ၈၄လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ခင်ဆွေအေးထံမှ အပေးစာချုပ်အမှတ်(၃၇၇၃/၂၀၂၂)ဖြင့် လက်ခံခဲ့သူ ဦးမိုးအောင်နှင့် အပေးစာချုပ်အမှတ်(၃၇၇၄/၂၀၂၂)ဖြင့် လက်ခံခဲ့သူ ဦးကောင်းစံ(ခ)ကောင်းစံမှာ ဦးပိုင်(၂၄-က)အား ဦးမိုးအောင်၏(SPရရှိသူ ဒေါ်မာလာဦး)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၉၂၄/၂၀၂၄)ဖြင့် ဝယ်ယူသူခဲ့သူ ဦးကောင်းစံ(ခ)ကောင်းစံ(၉/မရတ(နိုင်)၁၁၅၉၉၇)က အမှုတွဲအမှတ်(၀၂၈၄/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၁၂)၊ ဦးပိုင်အမှတ်(၁၁-ခ)၊ ၁၉လမ်းနှင့် ၂၀လမ်းကြား၊ ၆၀(စီ)လမ်းရှိ ဒေါ်လှနိုင် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၁၄၀/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ခင်ဂျမ်း၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်နုနုရီ၊ ဒေါ်တင်ကြူကြူဝင်း၊ ဦးလွင်အောင်ဖြိုး၊ ဒေါ်သူရိန်ဝင်းတို့ (၆)ဦးအနက် ဒေါ်ခင်ဂျမ်း ပါ(၃)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၇၁၀/၂၀၂၅)ဖြင့် လက်ခံခဲ့သော ဒေါ်တင်ကြူကြူဝင်း(၉/မနမ(နိုင်)၁၁၄၄၉၇)၊ ဦးလွင်အောင်ဖြိုး(၉/အမဇ(နိုင်)၀၀၇၀၁၁)၊ ဒေါ်သူရိန်ဝင်း(၉/အမဇ(နိုင်)၀၁၅၉၀၂)တို့က အမှုတွဲအမှတ်(၂၂၈၅/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၂)၊ ဦးပိုင်အမှတ်(၁၇၃)၊ ၅၈လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်နိုင်(၅/ဖပန(နိုင်)၀၄၄၇၇၄)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၄၆၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမော်ချင်ရီ(၁၃/လရန(နိုင်)၀၅၈၆၄၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၃၄)၊ ဦးပိုင်အမှတ်(၄၅)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ အမှတ်(၆)ရေဆိုးမြောင်းတောင်ဘက်(A)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်အေး(၉/မနမ(နိုင်)၀၅၀၃၇၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၅၅)၊ လမ်း၂၀နှင့် ၂၁လမ်းကြား၊ ၆၂လမ်းနှင့် ၆၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ထွေး(၉/မနတ(နိုင်)၀၁၀၂၇၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၄၁/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်နွဲ့ရီ(၈/ပခက(နိုင်)၀၃၈၁၉၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၃၀+၃၃)၊ မှန်တန်းဂုဏ်ရည်လမ်းသွယ်-၃၊ မြစ်ကြီးနား-မန္တလေးမီးရထားသံလမ်းမြောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းထွန်း(၉/မနမ(နိုင်)၀၉၃၆၆၀)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၉၅၂/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြင့်မြင့်စန်း(၉/ခအဇ(နိုင်)၀၂၂၆၉၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၁)၊ ဦးပိုင်အမှတ် ၃၆(ခဲစင်း)၊ လမ်း၇၀၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်ဆန်၏(SPရရှိသူ ဦးလှအောင်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၉၉၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နှင်းယုလှိုင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၀၃၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးနိုင်လင်း(၁/မညန(နိုင်)၀၇၇၈၈၆)က အမှုတွဲအမှတ်(၂၂၇၇/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၄)၊ ဝါခင်းကုန်း၊ ဦးပိုင်အမှတ်(ယခင် ၆၇/၇၊ ယခု၂၄၆-ခ)၊ ၂၉လမ်းနှင့် ၃၀လမ်းကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၂၉၄၂/၉၀-၉၁)အရ ဦးလှတင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပသက(နိုင်)၀၀၉၃၈၉)အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်နှင့် မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းတို့မှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ ဒေါ်ပြုံးရီ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပသက(နိုင်)၀၀၉၃၈၈)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၉)၊ ဦးပိုင်အမှတ်(၂၅)၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၃၉လမ်းနှင့် ၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဒီမ်းငိုးကျိုန်း(၉/မမန(နိုင်)၀၀၈၂၅၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၁၂၇)၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြား၊ ၆၇(B)လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးအောင်ဇော်မင်း၏(SPရရှိသူ ဒေါ်နန်းလင်း)ထံမှ အပေးစာချုပ်အမှတ်(၂၀၈၂/၂၀၁၃)ဖြင့် လက်ခံခဲ့သူ ဦးဝင်းဦးလှိုင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၈၉၉/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ညိုမီလွင်(၉/မကန(နိုင်)၁၅၉၄၆၀)က အမှုတွဲအမှတ်(၂၂၈၉/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(H)၊ ဦးပိုင်အမှတ်(၁၀၈-က)၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြား၊ ၅၅လမ်းနှင့် ၅၆လမ်းကြားရှိ ဦးအုန်းဖေ အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးရဲမင်းထွန်း၊ ဒေါ်နန်းအိလွင်တို့က တရားပြိုင် ဦးအုန်းဖေအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၀၀/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးရဲမင်းထွန်း(၁၄/ဖပန(နိုင်)၁၃၈၇၅၈)၊ ဒေါ်နန်းအိလွင်(၁၂/ခရန(နိုင်)၁၁၉၃၆၁)တို့က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် အမှတ်(ဗ-၁၇)၊ ဦးပိုင်အမှတ်(၄၇-က)၊ ၅၅လမ်းနှင့် ၅၄လမ်းကြား၊ ၁၁၄(B)လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ပု(၉/မနမ(နိုင်)၀၉၇၄၁၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၉)၊ ဦးပိုင်အမှတ်(၃၀)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ (B)လမ်းနှင့် (C)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်မြင့်(၁၂/ပဘတ(နိုင်)၀၀၆၉၅၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (လ-၉)၊ ဦးပိုင်အမှတ် ၂၂(ခဲစင်း)၊ ၆၅(D)လမ်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းတန်၏ (GPရရှိသူ ဒေါ်နန်းခင်မေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၄၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးသောင်းဟန်(၉/တသန(နိုင်)၁၀၆၁၁၁)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၂၇၂/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂-ဓ)၊ ဦးပိုင်အမှတ်(၈၅)၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ၂၅လမ်းနှင့် ၂၆လမ်းကြားရှိ ဒေါ်ရွှယ်ကျီး အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၉၂၇/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဦးဆိုင်းဒူး(၉/ခအဇ(နိုင်)၀၂၁၄၇၈)၊ ဦးဆိုင်းနော်(၉/ခအဇ(နိုင်)၀၂၁၄၇၇)တို့က အမှုတွဲအမှတ်(၂၂၇၅/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၄)၊ ဦးပိုင်အမှတ်(၆၈)၊ ၅၂လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သက်ချိုဦး(၇/ပခန(နိုင်)၀၈၅၇၉၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၃၉၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ထွေး(၉/မရမ(နိုင်)၀၀၄၀၀၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဓေ-၉)၊ ဦးပိုင်အမှတ်(၂၇)၊ လမ်း၁၃၀၊ ၆၀(F)လမ်းထောင့်ရှိ တောဂရန် မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမြင့်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၆၉၇/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်စိန်ရီ(၉/မနတ(နိုင်)၀၈၂၀၇၉)၏ (SPရရှိသူ ဒေါ်ဇေမျိုးထွန်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၂၈၁/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၄၇လမ်း၊ လမ်း၁၂၀နှင့် ၁၂၁လမ်းကြား၊ အကွက်အမှတ်(ညည-၈၄)၊ ဦးပိုင်အမှတ်(၆၅)၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးထွန်းအောင်(ဘ)ဦးကျော်ငြိမ်း(**WMDY** -၃၀၀၀၀၈)အမည်ဖြင့်ချထားရရှိသော မြေကွက်၏တောင်ဘက်ခြမ်း(၃၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးကျော်မြင့်ဦး(ဘ)ဦးဆန်းမောင်(၅/ရဥန(နိုင်)၀၄၂၀၆၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၄၉)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ(၀ ဒသမ ၀၁၆၆)ဧက အကျယ်အဝန်းရှိ ဦးစိုးနိုင်ဦး ပါ-၂အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်၊ မီးမီတာ၊ အဝီစိတွင်း၊ ကွန်ပရက်ဆာအပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးစိုင်းမျိုးဆက်ဟန်(ဘ)ဦးစိုင်းမောင်စိုင်း(၁၃/နခန(နိုင်)၀၆၁၄၅၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်ကျော် (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးဇော်နိုင်ထွေး | ဦးထွန်းထွန်းမင်း | ဒေါ်ဝေဝေမြင့် |
|---|---|---|
| (LL.B, D.B.L) | (LL.B) | (LL.B, D.B.L, D.I.L, D.I.T) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**၁၉လမ်းနှင့် မြို့ပတ်လမ်းကြား၊ နန်းဦးလွင်၊ ပုသိမ်ကြီးမြို့နယ်။**

**ဖုန်း ၀၉-၂၂၀၁၆၁၂၊ ၀၉-၄၀၂၅၅၅၁၁၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဟံမြင့်မိုရ်ရွာနေ ဦးဇော်(၉/တတဥ(နိုင်)၀၈၇၅၀၁) + ဒေါ်ဒဂုဏ်ကြည်(၉/ကဆန(နိုင်)၀၆၀၅၉၇) "ဖြိုးမင်းပိုင်"ကားတာရာ ရောင်းဝယ်ရေးတို့၏ သား မောင်ထွန်းလင်းအောင်(၉/တတဥ(နိုင်)၂၄၆၈၂၁)သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုမူပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော် + ဒေါ်ဒဂုဏ်ကြည်**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၁၄)၊ ဦးပိုင်အမှတ်(၁၂/၄၁)မြေကွက်အတွင်းမှ အရှေ့လားသော်-ဒေါ်သောင်းတင်၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-ဒူးကြားလမ်း၊ မြောက်လားသော်-ဦးတီးတော့စသည့် နယ်နိမိတ်လေးရပ်အတွင်းတည်ရှိသော မျက်နှာပွင့်တောင်-မြောက်(၁၃)ပေ၊ အရှေ့-အနောက်(၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအောင်ကြည်စိုး(ဘ)ဦးအောင်သန်း(၉/မဟမ(နိုင်)၀၀၅၅၁၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန့်ဇင်ထိုက်(ဘ)ဦးမြင့်အောင်(၉/မကန(နိုင်)၁၁၁၁၀၆)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုရောင်းဝယ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်မြင့်ထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**Min Tayar Gyi**

**Legal Consultant Lawyers Group**

**ဖုန်း ၀၉-၄၃၁၄၇၀၈၆၊ ၀၉-၆၅၀၄၀၀၀၄၀၊ ၀၉-၆၆၆၆၂၂၈၆၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည်ကျေးရွာအုပ်စု၊ အကွက်အမှတ်(၅၄၅/ရေကြည်နောက်)၊ ဦးပိုင်အမှတ်(၁၁၉/၁/၁)၊ ဧရိယာ(၁ ဒသမ ၈၉)ဧက၊ ဦးပိုင်အမှတ်(၁၁၉/၃)၊ ဧရိယာ(၁ ဒသမ ၈၇)ဧက၊ ဦးပိုင်အမှတ်(၁၂၀/၁/၂)၊ ဧရိယာ(၁ ဒသမ ၁၀)ဧက၊ စုစုပေါင်းဧရိယာ(၄ ဒသမ ၈၆)ဧက အကျယ်အဝန်းရှိမြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဒေါ်စန်းစန်းမြင့်(ဘ)ဦးဝင်းမြင့်(၉/ပဥလ(နိုင်)၀၅၆၆၇၀)နှင့် ၂။ ဒေါ်ရှောက်ကျွမ်း(ဘ)ဦးကျန်လောက်ရှင်း(၁၃/သနန(နိုင်)၀၂၆၉၉၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း (LL.B) | ဦးပြည့်ကိုကို (LL.B) | ဒေါ်မြင့်မြင့်အေး (LL.M) | ဒေါ်ချောစု (LL.B) | ဦးဝင်းမောင် (LL.B) |
|---|---|---|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ၁၅လမ်း၊ ၈၈လမ်းထောင့်တွင်တည်ရှိသော အကွက်အမှတ်(၄၁၅-W)၊ ဦးပိုင်အမှတ်(၄-ဃ)၊ ဧရိယာ(၀ ဒသမ ၀၄၄၆)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အာရ်စီနှစ်ထပ်အဆောက်အအုံ (ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးဇော်ဇော်(၉/သပက(နိုင်)၀၂၉၈၀၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးငွေများပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးလှမိုး(ဥပဒေဘွဲ့) | ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၀)၊ ဦးပိုင်အမှတ်(၅၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်တိုးတိုးမော်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်တိုးတိုးမော်(၅/ခဥတ(နိုင်)၀၀၀၁၄၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၀၀၅/၂၀၁၉)အရ လွှဲအပ်ခြင်းခံရသူ ဒေါ်အေးမြင့်(ဘ)ဦးစိတ္တ(၉/မရတ(နိုင်)၁၀၀၁၆၂)ကိုင်ဆောင်သူထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ် ချုပ်ဆို၍ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ရောင်းချသူက ဝယ်ယူသူအလိုရှိသည့်အချိန်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးပါမည်ဟု ဖော်ပြခဲ့ပြီး ယခုအခါတွင် အဆိုပါမြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးပါရန်နှင့် အကယ်၍ (၇)ရက်အတွင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်သပြေလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်သီဟ (LL.B, D.I.L) ဒေါ်အေးစုမွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**၁လမ်း၊ ၇၆လမ်းထောင့်၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၇၈၀၅၁၃၆၊ ၀၉-၄၀၂၅၇၂၈၅၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၀)၊ ဦးပိုင်အမှတ်(၇၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်တိုးတိုးမော်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်တိုးတိုးမော်(၅/ခဥတ(နိုင်)၀၀၀၁၄၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၀၀၆/၂၀၁၉)အရ လွှဲအပ်ခြင်းခံရသူ ဒေါ်အေးမြင့်(ဘ)ဦးစိတ္တ(၉/မရတ(နိုင်)၁၀၀၁၆၂)ကိုင်ဆောင်သူထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ် ချုပ်ဆို၍ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ရောင်းချသူက ဝယ်ယူသူအလိုရှိသည့်အချိန်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးပါမည်ဟု ဖော်ပြခဲ့ပြီး ယခုအခါတွင် အဆိုပါမြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးပါရန်နှင့် အကယ်၍ (၇)ရက်အတွင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်သပြေလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်သီဟ (LL.B, D.I.L) ဒေါ်အေးစုမွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**၁လမ်း၊ ၇၆လမ်းထောင့်၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၇၈၀၅၁၃၆၊ ၀၉-၄၀၂၅၇၂၈၅၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြရည်နန္ဒာအိမ်ရာ၊ အကွက်အမှတ်(မမ-၂၈)၊ တိုက်အမှတ်(၂၆)၊ အခန်းအမှတ်(၁၆)၊ တတိယထပ်တိုက်ခန်းရှိ ဒေါ်ကြူကြူမော် အမည်ပေါက်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်နွဲ့နွဲ့ကျော(ဘ)ဦးဘရန်အောင်(၁/မကန(နိုင်)၁၈၉၅၈၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်နန္ဒာဝင်း(ဘ)ဦးသန်းဝင်း(၆/မမန(နိုင်)၁၃၈၀၈၁)မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေများ အပြေအကျေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ကိစ္စနှင့် အမည်ပြောင်းအတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန်းအိရွှေစင် (LL.B) တရားလွှတ်တော်ရှေ့နေ**

**အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၃၁၉၉၉၊ ၀၉-၆၉၃၉၉၉၁၁၃**

❖ နိုင်ငံတော်ကိုဘေးအန္တရာယ်ကျရောက်လာရင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိတဲ့ တပ်မတော်နဲ့ပြည်သူတို့ ခိုင်ခိုင်မြဲမြဲ လက်တွဲပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ သူရသတ္တိ အပြည့်အဝနဲ့ နိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာနဲ့ ကာကွယ်ပြီး နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ကြမယ်ဆိုတဲ့ စိတ်ဓာတ်တွေမွေးကြရပါမယ်။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျရောက်သော နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ (Future Front Myanmar : Youth Strategy Forum – 2025) ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC)ခန်းမ၌ ကျင်းပသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အခမ်းအနားတက်ရောက်လာကြသူများ တိုင်းရင်းသားလူငယ်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းထွန်းဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့ တက်ရောက်ခဲ့ကြသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှလူငယ်ရေးရာကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ ကိုယ်စားလှယ်များက အနာဂတ်၏ အလင်းရောင်များ တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ရေးရာ ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အဆင့် ဖိုရမ်လေးခုကျင်းပခဲ့ရာ ယခုကျင်းပသည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ သည် နိုင်ငံတော်အတွက် အနှစ်သာရအရှိဆုံးနှင့် အားအဖြစ်ဆုံး ဖိုရမ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် အရေးကြီးသည့်ဖိုရမ်သို့ တက်ရောက်လာကြသည့်အတွက် ဂုဏ်ယူပါကြောင်း၊ ယခုဖိုရမ်သို့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တက်ရောက်လာကြသည့်အတွက် မတူကွဲပြားသည့် တိုင်းရင်းသားလူငယ်များအနေဖြင့် အတွေးအခေါ်အယူအဆများ တစ်ဦးနှင့်တစ်ဦး တစ်ထပ်တည်းမကျနိုင်သော်လည်း အနာဂတ်နိုင်ငံတော်သို့သွားရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး လှပသာယာ ဖွံ့ဖြိုးတိုးတက်အောင် ထုဆစ်ပုံဖော်နိုင်သူများ ဖြစ်ကြပါစေကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်အား ဂုဏ်ပြုမှတ်တမ်း ပေးအပ်စဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကို (ကိုကိုစက်မှုတက္ကသိုလ်)၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများနှင့် လူငယ်ရေးရာ ကိုယ်စားလှယ်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်တို့က နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများနှင့် လူငယ်ရေးရာ ကိုယ်စားလှယ်များအား ဂုဏ်ပြုမှတ်တမ်းများနှင့် ဖိုရမ်အထိမ်းအမှတ် တံဆိပ်များ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူငယ်ရေးရာကိုယ်စားလှယ်များက အပျိုတော်ယိမ်းအက၊ လူချွန်လူကောင်း တေးသီချင်း၊ လှမျိုးစုံကြွယ် ယဉ်တစ်ကိုယ်မယ် ခေတ်ခြောက်ခေတ် ယိမ်းအက၊ ကချင်ရိုးရာ အကအလှ၊ ငွေတောင်ပြည်မှ ဖိတ်ခေါ်သံ တေးသီချင်း၊ ဒုံးယိမ်းည အက၊ ကျွန်ုပ်တို့ ဇာတိမြေ တေးသီချင်း၊ သွေးချင်းတို့ဌာနေ မြန်မာပြည် တိုင်းရင်းသားယိမ်းအက၊ ဦးရွှေရိုးနှင့် ဒေါ်မိုး အက၊ သာယာလှပ မွန်ဒေသ၊ အရောက်လာလေလေးရပ်မြေ၊ မောရှမ်းမြေ၊ ဖိုရမ်နှလုံးသား တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အနုပညာရှင်များကလည်း တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေတင်ဆက်ကြသည့်အဖွဲ့များကို အမှတ်တရ လက်ဆောင်ပန်းခြင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာအသင်းနှင့် ကူဝိတ်အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် စက်တင်ဘာ ၂**

အာရှဖလား (ယူ-၂၃) ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ကူဝိတ်အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာ(ယူ-၂၃) အသင်းနည်းပြ Kurosaki က "ကူဝိတ်နဲ့ကစားရမယ့် အဖွင့်ပွဲစဉ်မှာ ရလဒ်ကောင်း ယူနိုင်ဖို့ ပြင်ဆင်သွားပါမယ်။ အသင်းမှာ ဒဏ်ရာရ ကစားသမားတွေရှိနေပေမယ့် အကောင်းဆုံး ခြေစွမ်းထုတ်ပြနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ ဒီခြေစစ်ပွဲဟာ လာမယ့် ဆီးဂိမ်းအတွက် ပြင်ဆင်ရာမှာ အထောက်အကူဖြစ်စေမှာမို့ တစ်ပွဲချင်းအာရုံစိုက်ကစားသွားမှာဖြစ်ပါတယ်။ လာရောက်အားပေးကြမယ့် ပရိသတ်တွေအတွက် ပျော်ရွှင်ကျေနပ်စေမယ့် ရလဒ်မျိုးရအောင် ကြိုးစားယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာအသင်းသည် အာရှဖလား(ယူ-၂၃)ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကူဝိတ်အသင်းကို ဧည့်ခံကစားသွားမည်ဖြစ်သည်။(NGB)

